မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# jyewr;

| | | | | |
|---|---|---|---|---|
| **အမှတ် ၃၆ ]** | ရန်ကုန်မြို့ | ၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်<br>( ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက် ) | **သောကြာနေ့** | **[ အတွဲ ၆၈** |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၅/ ၂၀၁၅**

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်

( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက် )

**အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီအား**
**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအဖြစ် အမည်ပြောင်းလဲခြင်း**

နိုင်ငံတော်အတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်တွက်ဆပြီး ကာကွယ်စောင့်ရှောက်ရေးအစီအမံများ စနစ်တကျပြုလုပ်ထားနိုင်ရေးအတွက်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်လာသည့်အခြေအနေတွင် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ကူညီရေးလုပ်ငန်းများကို လျင်မြန်သွက်လက်စွာနှင့် ထိရောက်စွာဆောင်ရွက်ပေးနိုင်ရေးအတွက်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးတို့အတွက် စနစ်တကျစီမံအကောင်အထည်ဖော်နိုင်ရေးအတွက်လည်းကောင်း နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ မေလ ၁၄ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၅/ ၂၀၁၃) နှင့် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၃/ ၂၀၁၅) တို့ဖြင့် ဖွဲ့စည်းခဲ့သော **“အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ”** အား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပါ ပြဋ္ဌာန်းချက်များအရ **“အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ”** အဖြစ် အမည်ပြောင်းလဲလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၆/၂၀၁၅**

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်

( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက် )

**အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအဖြစ် အမည်ပြောင်းလဲခြင်း**

သဘာဝဘေးအန္တရာယ်များကို ကြိုတင်တွက်ဆပြီး ကာကွယ်စောင့်ရှောက်ရေးအစီအမံများ စနစ်တကျ ပြုလုပ်ထားနိုင်ရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်လာသည့်အခြေအနေတွင် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ကူညီရေးလုပ်ငန်းများကို ထိရောက်လျင်မြန်စွာဆောင်ရွက်ပေးနိုင်ရေးနှင့် "အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ" မှ ချမှတ်ပေးသည့် မူဝါဒများနှင့် လမ်းညွှန်ချက်များကို အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ မေလ ၁၄ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့သော **"အမျိုးသားသဘာဝဘေးကာကွယ် စောင့်ရှောက်ရေးစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ"** အား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပါ ပြဋ္ဌာန်းချက်များအရ **"အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ"** အဖြစ် အမည်ပြောင်းလဲလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၄/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက် )

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄ နှင့် ပြည်ထောင်စုအစိုးရ အဖွဲ့ ဥပဒေပုဒ်မ ၁၇ တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ်အောင်စိုးအား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၇၅/၂၀၁၅**

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်

( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက် )

**အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းအဖွဲ့နှင့် အတွင်းရေးမှူးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်၏ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေး အတွက် "အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုညှိနှိုင်းရေးကော်မတီ" (Administrative Reform Coordination Committee) ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ လက်ရှိအချိန်တွင် ဘက်စုံလွှမ်းခြုံသော အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တစ်ရပ် လိုအပ်ခြင်း၊ နိုင်ငံ၏ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်ကောင်းတစ်ရပ် ချမှတ်ရန်လိုအပ်ခြင်း၊ အကောင် အထည်ဖော် ဆောင်ရွက်သူများအားလုံးအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရန် မူဘောင်တစ်ရပ် လိုအပ် ခြင်းနှင့် နှစ်ကာလအပိုင်းအခြားဖြင့် တိကျစွာသတ်မှတ်၍ ဆောင်ရွက်ရန်လိုအပ်ခြင်းတို့ကြောင့် "အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းအဖွဲ့" (Administrative Reform Process Sector Working Group) နှင့် "အတွင်းရေးမှူးအဖွဲ့" (Secretariat) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) **"အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းအဖွဲ့" (Administrative Reform Process Sector Working Group)**

| | | |
|---|---|---|
| (၁) | ဦးခင်မောင်အေး<br>အဖွဲ့ဝင်<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာအောင်ထွန်းသက်<br>နိုင်ငံတော်သမ္မတအကြံပေး | ဒုတိယဥက္ကဋ္ဌ |
| (၃) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | အမြဲတမ်းအတွင်းဝန်<br>ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်<br>နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားစီမံကိန်းနှင့်<br>စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၉) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမား၊ အလုပ်အကိုင်နှင့်<br>လူမှုဖူလုံရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာဇော်ဦး<br>နိုင်ငံတော်သမ္မတအကြံပေး | အဖွဲ့ဝင် |
| (၁၂) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သမ္မတရုံးဝန်ကြီးဌာန (၆) | အတွင်းရေးမှူး |
| (၁၃) | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | တွဲဖက်အတွင်းရေးမှူး |

( ခ ) **အတွင်းရေးမှူးအဖွဲ့ (Secretariat)**

| | | |
|---|---|---|
| (၁) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သမ္မတရုံးဝန်ကြီးဌာန (၆) | အတွင်းရေးမှူး |
| (၂) | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | တွဲဖက်အတွင်းရေးမှူး |
| (၃) | ညွှန်ကြားရေးမှူး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူး<br>ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်<br>နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူး<br>ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | သုတေသီတစ်ဦး<br>MDRI | အဖွဲ့ဝင် |
| (၇) | ကိုယ်စားလှယ်တစ်ဦး<br>Donor Partners (Bilateral) | အဖွဲ့ဝင် |
| (၈) | ကိုယ်စားလှယ်တစ်ဦး<br>Donor Partners (Multilateral) | အဖွဲ့ဝင် |

၃။ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ပြုစုရေးဆွဲရေးဆိုင်ရာ အကြံပြုအလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုနယ်ပယ်အဖြစ် သတ်မှတ်ထားသော နိုင်ငံ့ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး (Civil Service Capacity Development)၊ ပြည်သူ့ဝန်ဆောင်မှု (Service Delivery)၊ ဗဟိုဦးစီးစနစ်လျှော့ချခြင်း (Decentralization) နှင့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိခြင်း (Transparency and Accountability) တို့ကို မူတည်၍ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်တစ်ရပ် ပေါ်ထွန်းလာရေးဆောင်ရွက်ခြင်း၊

( ခ ) အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးဆိုင်ရာ အဓိကကိစ္စရပ်များနှင့်ပတ်သက်ပြီး မဟာဗျူဟာများ၊ ကာလတို၊ ကာလလတ်၊ ကာလရှည်လုပ်ငန်းများ သတ်မှတ်ခဲ့ခြားပြီး ဦးစားပေးအစီအစဉ်များကို အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုညှိနှိုင်းရေးကော်မတီသို့ အဆိုပြုတင်ပြခြင်း၊

(ဂ) အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုညှိနှိုင်းရေးကော်မတီ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များက အကြံပြုတင်ပြလာသော အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု အဆိုပြုချက်များကို စဉ်းစားဆုံးဖြတ်ဆောင်ရွက်ခြင်း၊

(င) အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ရေးဆွဲဆောင်ရွက်နေသော လုပ်ငန်းများကို ပါဝင် ပတ်သက်သူများနှင့် အများပြည်သူတို့ ပွင့်လင်းမြင်သာမှုရှိအောင် လူထုဆက်ဆံရေး၊ မီဒီယာ ဆက်ဆံရေးလုပ်ငန်းများအား တာဝန်ယူလုပ်ဆောင်ခြင်း။

၄။ အတွင်းရေးမှူးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းအဖွဲ့၏ လုပ်ငန်းများ အရှိန်အဟုန်မပျက် စဉ်ဆက်မပြတ် စေရေးအတွက် ထောက်ကူဆောင်ရွက်ပေးခြင်း၊

(ခ) နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များနှင့် ဆက်သွယ်ညှိနှိုင်းဆက်ဆံဆောင်ရွက်ခြင်း၊

(ဂ) အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု ဆောင်ရွက်နေသောလုပ်ငန်းများကို ပါဝင်ပတ်သက်သူများနှင့် အများပြည်သူတို့ ပွင့်လင်းမြင်သာမှုရှိစွာ သိရှိနိုင်စေရန်အတွက် လူထုဆက်ဆံရေး၊ မီဒီယာ ဆက်ဆံရေးလုပ်ငန်းများ လုပ်ဆောင်ခြင်း။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မေလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၄)ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

**[ ယခင်အပတ် ပြည်ထောင်စုလွှတ်တော်ရုံး၊ အမိန့်ကြော်ငြာစာအမှတ် (၈၁/၂၀၁၅)၊ ကုန်အမှတ်တံဆိပ်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်းမှအဆက် ]**

## အခန်း (၁၂)

## အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို ပျက်ပြယ်စေခြင်းနှင့် ပယ်ဖျက်ခြင်း

၄၅။ (က) အကျိုးသက်ဆိုင်သူတစ်ဦးဦး၏တောင်းဆိုချက်အရ ပုဒ်မ ၂၊ ပုဒ်မခွဲ (က) ပါ အဓိပ္ပာယ် ဖွင့်ဆိုချက်နှင့် မကိုက်ညီသော အမှတ်တံဆိပ်ဖြစ်ကြောင်း သို့မဟုတ် ပုဒ်မ ၇ ပါ ငြင်းပယ်ရန် ခိုင်လုံသည့် အကြောင်းပြချက်တစ်ရပ်ရပ်ကြောင့် မှတ်ပုံတင်ခွင့် မရရှိသင့်သည့် အမှတ်တံဆိပ် ဖြစ်ကြောင်း အထောက်အထား ခိုင်လုံလျှင် မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို ပျက်ပြယ်စေရမည်။

(ခ) အကျိုးသက်ဆိုင်သူတစ်ဦးဦး၏ လျှောက်ထားချက်အရ ပုဒ်မ ၈ ပါ ငြင်းပယ်ရန် ဆက်စပ်သော အကြောင်းပြချက်တစ်ရပ်ရပ်ကြောင့် မှတ်ပုံတင်ခွင့်မရရှိသင့်သည့် အမှတ်တံဆိပ်ဖြစ်ကြောင်း အထောက်အထားခိုင်လုံလျှင် မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ပျက်ပြယ်စေရမည်။

(ဂ) (၁) ပုဒ်မခွဲ (က) ပါ ပျက်ပြယ်စေခြင်းအတွက် တောင်းဆိုချက်ကို မည်သည့်အချိန်တွင်မဆို လျှောက်ထားနိုင်သည်။

(၂) မရိုးမဖြောင့်သောသဘောဖြင့် မှတ်ပုံတင်ခဲ့ခြင်းမဟုတ်လျှင် ပုဒ်မခွဲ (ခ) ပါ ပျက်ပြယ် စေခြင်းအတွက် တောင်းဆိုချက်သည် မှတ်ပုံတင်သည့်နေ့ရက်မှ ၅ နှစ် သက်တမ်း ကျော်လွန်ပြီးနောက် လျှောက်ထားခြင်းမပြုနိုင်။

(ဃ) ပျက်ပြယ်စေသည့် အကြောင်းအရင်းများသည် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု အချို့နှင့်သာ သက်ဆိုင်လျှင် အဆိုပါ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု နှင့်ဆက်စပ်သော မှတ်ပုံတင်ခြင်းကိုသာလျှင် ပျက်ပြယ်စေရမည်။

(င) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်း၏ မည်သည့်ပျက်ပြယ်စေခြင်းကိုမဆို မှတ်ပုံတင်သည့်နေ့ရက် အထိ သက်ရောက်မှုရှိသည်ဟု မှတ်ယူရမည်။

(စ) မည်သည့်ပျက်ပြယ်ခြင်းကိုမဆို မှတ်တမ်းတင်၍ သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ ဆောလျင်စွာ ထုတ်ပြန်ကြေညာပြီးနောက် သက်ဆိုင်ရာပိုင်ရှင်ထံ အသိပေးအကြောင်း ကြားရမည်။

၄၆။ (က) အကျိုးသက်ဆိုင်သူတစ်ဦးဦး၏ လျှောက်ထားချက်အရ မှတ်ပုံတင်အရာရှိသည် အောက်ဖော်ပြပါ တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိပါက အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ရမည်-

(၁) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်နှင့် သက်ဆိုင်သည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မှတ်ပုံတင်ပြီးသည့်နေ့မှစ၍ ၃ နှစ်အတွင်း လုံးဝအသုံးမပြုခြင်းနှင့် အဆိုပါ အသုံးပြုမှု ပျက်ကွက်ခြင်းအတွက် လုံလောက်သော အကြောင်းပြချက်မရှိခြင်း၊

(၂) အမှတ်တံဆိပ် အသုံးပြုခြင်းအား တစ်ဆက်တည်း ၃ နှစ်ကြာ ဆိုင်းငံ့ထားခြင်းနှင့် အဆိုပါ ဆိုင်းငံ့ထားခြင်းအတွက် လုံလောက်သော အကြောင်းပြချက်မရှိခြင်း၊

(၃) အမှတ်တံဆိပ်သည် ကုန်ပစ္စည်း၏ အမျိုးအစား၊ အရည်အသွေး၊ အရေအတွက်၊ ရည်ရွယ် ထားသော အသုံးဝင်မှု၊ တန်ဖိုး၊ မူရင်းဒေသ သို့မဟုတ် ထုတ်လုပ်သည့်အချိန်တို့ကို သတ်မှတ်ရန် ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်နိုင်သော ညွှန်ပြချက်များ သို့မဟုတ် မျက်မှောက် ဝေါဟာရ အသုံးအနှုန်းတွင် ယေဘုယျအသုံးအနှုန်း ဖြစ်လာခြင်း သို့မဟုတ် ဓလေ့ထုံးစံ ဖြစ်လာခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းတွင် လက်တွေ့အသုံးအနှုန်း ဖြစ်လာသည့် ညွှန်ပြချက်များ သီးသန့် ပါဝင်လာခြင်း။

(ခ) ပုဒ်မခွဲ (က) အရ အမှတ်တံဆိပ်အသုံးပြုခြင်းတွင် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၏ ထူးခြားသောလက္ခဏာများအား ပြောင်းလဲခြင်းမရှိဘဲ ကွဲပြားသော ပုံစံတစ်ခုအဖြစ် အသုံးပြု ခြင်းနှင့် တင်ပို့ရန်သက်သက်ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ထုပ်ပိုးထားသော ကုန်ပစ္စည်းများ သို့မဟုတ် ကုန်ပစ္စည်းများပေါ်တွင် အမှတ်တံဆိပ်ကိုကပ်ခြင်းတို့အပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အသုံးပြုခြင်းတို့ ပါဝင်သည်။

(ဂ) ဤဥပဒေအရ မည်သည့်တရားစွဲဆိုခြင်းတွင်မဆို အမှတ်တံဆိပ် အသုံးပြုသည့်ကာလ၊ သဘောသဘာဝ သို့မဟုတ် နယ်ပယ်တို့အပါအဝင် အမှတ်တံဆိပ်အားအသုံးပြုမှုကို သက်သေ ပြရန် လိုအပ်လျှင် အဆိုပါ သက်သေပြရန်တာဝန်သည် မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်နှင့်သာ သက်ဆိုင်ရမည်။

(ဃ) ပယ်ဖျက်စေသည့် အကြောင်းအရင်းများသည် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအချို့နှင့်သာ သက်ဆိုင်လျှင် အဆိုပါကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့် ဆက်စပ်သော မှတ်ပုံတင်ခြင်းကိုသာလျှင် ပယ်ဖျက်စေရမည်။

(င) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ပြီးပါက အဆိုပါ မှတ်ပုံတင်ခြင်းသည် တရားဝင် ရပ်စဲပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(စ) မည်သည့်ပယ်ဖျက်ခြင်းမဆို မှတ်တမ်းတင်၍ သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ ဆောလျင်စွာထုတ်ပြန်ကြေညာပြီးနောက် သက်ဆိုင်ရာပိုင်ရှင်ထံ အသိပေးအကြောင်းကြားရမည်။

၄၇။　မှတ်ပုံတင်အမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုအပေါ် ပြစ်မှုကြောင်းဖြင့်ဖြစ်စေ၊ တရားမကြောင်းဖြင့်ဖြစ်စေ၊ နှစ်ရပ်လုံးဖြင့်ဖြစ်စေ တရားစွဲဆိုထားကြောင်း သက်ဆိုင်သူက တင်ပြလာသည့်အခါ မှတ်ပုံတင်အရာရှိသည် အဆိုပါအမှု မပြီးပြတ်မီကာလအတွင်း၌ အမှတ်တံဆိပ်ကို ပျက်ပြယ်စေခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းအား ဆိုင်းငံ့ထားရမည်။

## အခန်း (၁၃)
## ပထဝီဆိုင်ရာအညွှန်း

၄၈။　သက်ဆိုင်ရာကုန်ပစ္စည်းကို ထုတ်လုပ်သောဒေသအတွင်းရှိ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ကိုယ်စားပြုသည့်တရားဝင်ရပ်တည်သော အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် နိုင်ငံတော်တွင်း အခွင့်ရအာဏာပိုင်တစ်ခုခုသည် ပထဝီဆိုင်ရာအညွှန်းကို မှတ်ပုံတင်လိုပါက မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်များနှင့်အညီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားရမည် -

(က)　သဘာဝထွက်ကုန် သို့မဟုတ် သဘာဝသယံဇာတများဖြင့် ကုန်ပစ္စည်းထုတ်လုပ်သူများ၊

(ခ)　စိုက်ပျိုးရေးထွက်ကုန်ထုတ်လုပ်သူများ၊

(ဂ)　လက်မှုပစ္စည်း သို့မဟုတ် စက်မှုပစ္စည်းဆိုင်ရာ ထုတ်ကုန်ထုတ်လုပ်သူများ။

၄၉။　(က)　ပထဝီဆိုင်ရာအညွှန်း မှတ်ပုံတင်လျှောက်ထားရာတွင် အောက်ပါအချက်များ ပါဝင်သော သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ လျှောက်ထားရမည်-

(၁)　လျှောက်ထားသည့်အဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားနှင့်နေရပ်လိပ်စာ၊

(၂)　မှတ်ပုံတင်လျှောက်ထားခြင်းအတွက် ပထဝီဆိုင်ရာအညွှန်း၊

(၃)　လျှောက်ထားသည့် ပထဝီဆိုင်ရာအညွှန်း ထွက်ရှိရာဒေသ၊

(၄)　ပထဝီဆိုင်ရာအညွှန်းအဖြစ် ညွှန်းဆိုသည့် ကုန်ပစ္စည်း။

(ခ)　အဆိုပါလျှောက်လွှာများနှင့်အတူ အောက်ပါတို့ကို ဖော်ပြရမည် -

(၁)　ကုန်ပစ္စည်း၏ ထူးခြားသော အချက်အလက်များ သို့မဟုတ် အရည်အသွေး သို့မဟုတ် ထင်ပေါ်ကျော်ကြားမှု၊

(၂)　ကုန်ပစ္စည်း၏ တိကျစွာ သတ်မှတ်ထားသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် ဝိသေသလက္ခဏာများ၊ ပထဝီဆိုင်ရာမူရင်းဒေသနှင့် ထုတ်လုပ်မှုနည်းစနစ်တို့အကြား ဆက်စပ်မှု၊

(၃)　သတ်မှတ်ထားသော အခြားအချက်များ။

(ဂ)　လျှောက်ထားရာတွင် သတ်မှတ်ထားသော မှတ်ပုံတင်ကြေးကို ပေးသွင်းရမည်။

၅၀။　ပထဝီဆိုင်ရာအညွှန်းသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့်ငြိစွန်းနေပါက မှတ်ပုံတင်ခွင့်မရှိစေရ -

(က)　ပုဒ်မ ၂၊ ပုဒ်မခွဲ (စ) ပါ ပထဝီဆိုင်ရာအညွှန်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှုမရှိခြင်း၊

(ခ)　အဆိုပါ ပထဝီဆိုင်ရာအညွှန်းကို သုံးစွဲမည့်ကုန်ပစ္စည်းသည် မြန်မာနိုင်ငံရှိ အများသုံးဝေါဟာရတွင် ယေဘုယျအသုံးအနှုန်း သို့မဟုတ် ဓလေ့ထုံးစံဖြစ်နေခြင်း၊

(ဂ)　အများပြည်သူ၏ အေးချမ်းတည်ငြိမ်ရေး သို့မဟုတ် ကိုယ်ကျင့်တရားကောင်းမွန်ရေး သို့မဟုတ် အများပြည်သူဆိုင်ရာမူဝါဒနှင့် ဆန့်ကျင်နေသော ပထဝီဆိုင်ရာအညွှန်းတစ်ရပ် ဖြစ်နေခြင်း။

၅၁။　အကျိုးသက်ဆိုင်သူ မည်သူမဆို သို့မဟုတ် မည်သည့်အခွင့်ရအာဏာပိုင်မဆို အောက်ပါအကြောင်းပြချက်များဖြင့် ပထဝီဆိုင်ရာအညွှန်းအား မှတ်ပုံတင်ထားခြင်းကို ပျက်ပြယ်စေရန် သို့မဟုတ် ပယ်ဖျက်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည် -

(က)　ပုဒ်မ ၂၊ ပုဒ်မခွဲ (စ) ပါ ပထဝီဆိုင်ရာအညွှန်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှုမရှိခြင်း၊

(ခ) ပုဒ်မ ၄၉၊ ပုဒ်မခွဲ (ခ) ချမှတ်ထားသော အချက်အလက်များပါ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် သေချာစွာ ဆက်လက်လုပ်ဆောင်နိုင်မှု မရှိခြင်း၊

(ဂ) မူရင်းထွက်ရှိရာနိုင်ငံတွင် အကာအကွယ်ပြုလုပ်မထားသော သို့မဟုတ် ကာကွယ်ခြင်းရပ်စဲသွားသော သို့မဟုတ် အဆိုပါနိုင်ငံတွင် အသုံးမပြုတော့သော ပြည်ပပထဝီဆိုင်ရာအညွှန်းများ၊

(ဃ) အများပြည်သူ၏ အေးချမ်းတည်ငြိမ်ရေး သို့မဟုတ် ကိုယ်ကျင့်တရားကောင်းမွန်ရေး သို့မဟုတ် အများပြည်သူဆိုင်ရာမူဝါဒနှင့် ဆန့်ကျင်နေသော ပထဝီဆိုင်ရာအညွှန်းတစ်ရပ်ဖြစ်နေခြင်း။

၅၂။ (က) မှတ်ပုံတင်စာရင်းတွင် သတ်မှတ်ဖော်ပြထားသော ပထဝီဆိုင်ရာဒေသအတွင်း ၎င်း၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နေသော ထုတ်လုပ်သူများကသာ မှတ်ပုံတင်စာရင်းတွင် ဖော်ပြထားသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် မှတ်ပုံတင်ထားသော ပထဝီဆိုင်ရာအညွှန်းကို သုံးစွဲခွင့်ရှိရမည်။ သို့ရာတွင် အဆိုပါ ကုန်ပစ္စည်းများသည် မှတ်ပုံတင်စာရင်းတွင် သတ်မှတ်ဖော်ပြထားသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် အခြားသော ဝိသေသလက္ခဏာများနှင့် ပြည့်စုံရမည်ဖြစ်သည်။

(ခ) သံတူကြောင်းကွဲဖြစ်နေသည့် ပထဝီဆိုင်ရာ အညွှန်းများတွင် မှတ်ပုံတင်ပြီးသော ပထဝီဆိုင်ရာအညွှန်းအမည်နှင့် နောက်ပိုင်းတွင်မှ မှတ်ပုံတင်သည့် သံတူကြောင်းကွဲ ပထဝီဆိုင်ရာအညွှန်းအမည်တို့အကြား လက်တွေ့ကျင့်သုံးမှုတွင် သိသာထင်ရှားသော ကွဲပြားခြားနားမှုရှိသည့်အခါမှသာ သက်ဆိုင်ရာ ထုတ်လုပ်သူများအား သာတူညီမျှ ပြုမူဆက်ဆံရန်နှင့် စားသုံးသူများအား ထင်ယောင်ထင်မှားမဖြစ်စေရန် လိုအပ်ချက်တို့ကို ထည့်သွင်းစဉ်းစား၍ အကာအကွယ်ပေးရမည်။

(ဂ) မှတ်ပုံတင်ထားသော ပထဝီဆိုင်ရာအညွှန်း၏ အခွင့်အရေးရရှိသူသည် အောက်ပါကိစ္စရပ်များကို ကာကွယ်တားဆီးပိုင်ခွင့်ရှိသည် -

(၁) ကုန်ပစ္စည်း၏ ပထဝီဆိုင်ရာအညွှန်းနှင့် စပ်လျဉ်း၍ အများပြည်သူကိုလှည့်ဖြားရန်အလို့ငှာ မူရင်းဒေသမှန်မှမဟုတ်ဘဲ အဆိုပါဒေသမှ ထွက်ရှိသော ပစ္စည်းဖြစ်ကြောင်း ဖော်ပြ၍ တစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊

(၂) တရားမျှတမှုမရှိသည့် ယှဉ်ပြိုင်မှုတစ်ရပ်ကို ဖြစ်စေသော မှတ်ပုံတင်ထားသည့် ပထဝီဆိုင်ရာအညွှန်းကို အသုံးပြုခြင်းတစ်ရပ်ရပ်၊

(၃) ကုန်ပစ္စည်း၏ မူရင်းဒေသကို ညွှန်ပြရာတွင်ဖြစ်စေ၊ ပထဝီဆိုင်ရာအညွှန်းကို ဘာသာပြန်ဆို၍ အသုံးပြုရာတွင်ဖြစ်စေ၊ အမျိုးအစား၊ အုပ်စု၊ ပုံစံ၊ တုပခြင်း သို့မဟုတ် အလားတူဖော်ပြချက်များဖြင့် ပထဝီဆိုင်ရာအညွှန်းကို တွဲဖက်အသုံးပြုထားရာတွင်ဖြစ်စေ၊ အငြင်းပွားနေသော ပထဝီဆိုင်ရာအညွှန်းဖြင့် ဖော်ပြထားသောဒေသမှ မဟုတ်သည့် ကုန်ပစ္စည်းများအတွက် ပထဝီဆိုင်ရာအညွှန်းကို အသုံးပြုခြင်း။

(ဃ) ကုန်ပစ္စည်းမူရင်းထွက်ရှိရာ နယ်ပယ်၊ ဒေသ သို့မဟုတ် နယ်မြေကို တိကျမှန်ကန်စွာ ဖော်ပြထားသော်လည်း အခြားနယ်ပယ်မှထွက်ရှိသော ကုန်ပစ္စည်းအဖြစ် အများပြည်သူကို မှားယွင်းစွာဖော်ပြထားသော အခြားပထဝီဆိုင်ရာအညွှန်းများသည် ပုဒ်မခွဲ (က) နှင့် (ဂ) ပါ အခွင့်အရေးများ မရရှိစေရ။

၅၃။ (က) မှတ်ပုံတင်အရာရှိသည် လျှောက်ထားချက်အား ပုဒ်မ ၄၈၊ ၄၉၊ ၅၀ တို့နှင့် ကိုက်ညီမှု ရှိ-မရှိ စစ်ဆေးရမည်ဖြစ်ပြီး အကယ်၍ လိုအပ်ချက်အားလုံး ပြည့်စုံပါက လျှောက်ထားချက်တွင် ပါဝင်သော အကြောင်းအရာများနှင့် အချက်အလက်များကို သတ်မှတ်ထားသည့်အတိုင်း ထုတ်ပြန်ကြေညာရမည်။

(ခ) ကုန်အမှတ်တံဆိပ်၏ ကန့်ကွက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ပထဝီဆိုင်ရာအညွှန်း၏ ကန့်ကွက်ခြင်းအတွက် လိုအပ်သလို အသုံးပြုစေရမည်။

(ဂ) ကန့်ကွက်ချက်ကို တင်သွင်းခြင်းမရှိခဲ့လျှင် သို့မဟုတ် ကန့်ကွက်ချက်ကို ငြင်းပယ်ခဲ့လျှင် ပထဝီဆိုင်ရာအညွှန်းကို မှတ်ပုံတင်ပေးရမည်။

၅၄။ (က) ပထဝီဆိုင်ရာအညွှန်းတစ်ခုကို မှတ်ပုံတင်သည့် သက်တမ်းသည် ၁၀ နှစ် ကာလဖြစ်သည်။

(ခ) မှတ်ပုံတင်သက်တမ်း ၁၀ နှစ် ကုန်ဆုံးပြီးနောက် မှတ်ပုံတင်သက်တမ်း တိုးမြှင့်လိုသူသည် တစ်ကြိမ်လျှင် မှတ်ပုံတင်သက်တမ်း ၁၀ နှစ်စီဖြင့် သက်တမ်းတိုးမြှင့်ပေးရန်လျှောက်ထားနိုင်သည်။

(ဂ) ပထဝီဆိုင်ရာအညွှန်း မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသူသည် မှတ်ပုံတင်သက်တမ်း တိုးမြှင့်မှုတစ်ကြိမ်စီအတွက် သတ်မှတ်ထားသည့် အခကြေးငွေကို ပေးသွင်းရမည်။

၅၅။ (က) ပထဝီဆိုင်ရာအညွှန်းတစ်ရပ်ကို ဤဥပဒေနှင့်အညီ မှတ်ပုံတင်ရာတွင် ပထဝီဆိုင်ရာအညွှန်းကို မှတ်ပုံတင်ရန် လျှောက်ထားပြီးနောက် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ရန် လျှောက်ထားလာလျှင် ပုဒ်မ ၅၂ ကို ချိုးဖောက်၍ဖြစ်စေ၊ တူညီသောထုတ်ကုန်နှင့် ဆက်စပ်၍ဖြစ်စေ အသုံးပြုသော ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းအား ငြင်းပယ်ရမည်။

(ခ) မှတ်ပုံတင်ထားသော ကုန်အမှတ်တံဆိပ်များသည် ပုဒ်မခွဲ (က) နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက ယင်းအမှတ်တံဆိပ်များသည် ပျက်ပြယ်ခြင်းခံရမည်။

(ဂ) ပထဝီဆိုင်ရာအညွှန်းကို မှတ်ပုံတင်ရန်မလျှောက်ထားမီ သဘောရိုးဖြင့် မှတ်ပုံတင်ထားပြီးသော သို့မဟုတ် လျှောက်ထားပြီးသော ပုဒ်မ ၅၂ ကို ချိုးဖောက်၍ အသုံးပြုထားသော ကုန်အမှတ်တံဆိပ်သည် အခန်း (၁၂) ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်းမရှိလျှင် ပထဝီဆိုင်ရာအညွှန်း မှတ်ပုံတင်ခြင်းတွင် မည်သို့ပင်ရှိစေကာမူ အဆိုပါ ထုတ်ကုန်များအတွက် ဆက်လက်အသုံးပြုနိုင်သည်။ အဆိုပါကိစ္စရပ်များတွင် ပထဝီဆိုင်ရာအညွှန်းအသုံးပြုမှုကို ၎င်းနှင့်ဆက်နွှယ်နေသော ကုန်အမှတ်တံဆိပ် အသုံးပြုမှုကဲ့သို့ ခွင့်ပြုရမည်။

၅၆။ (က) အခွင့်ရအာဏာပိုင်များသည် အကာအကွယ်ရရှိထားသော ပထဝီဆိုင်ရာအညွှန်းများကို ကြီးကြပ်ကွပ်ကဲရမည်။ ကြီးကြပ်ကွပ်ကဲမှုဆိုင်ရာ လုပ်ငန်းအချို့ကို အခြားပုဂ္ဂိုလ်တစ်ဦးအား လွှဲအပ်နိုင်သည်။

(ခ) ကြီးကြပ်ကွပ်ကဲမှုတွင် အောက်ပါတို့ ပါဝင်ရမည် -

(၁) ပထဝီဆိုင်ရာအညွှန်းအဖြစ် မှတ်ပုံတင်ထားသော ထုတ်ကုန်များ၏ သတ်မှတ်ဖော်ပြချက်များနှင့် သက်ဆိုင်ရာထုတ်ကုန်တို့၏ ကိုက်ညီမှု၊

(၂) မှတ်ပုံတင်ထားသော ပထဝီဆိုင်ရာ အညွှန်းအမည်များအား ဈေးကွက်တွင် အသုံးပြုမှု။

(ဂ) ထုတ်ကုန်၏ သတ်မှတ်ဖော်ပြချက်များနှင့် ကိုက်ညီရန် ကြီးကြပ်ကွပ်ကဲမှုအတွက် ကုန်ကျစရိတ်အား အကျိုးသက်ဆိုင်သူများမှ ပေးဆောင်ရမည်။

၅၇။ ပထဝီဆိုင်ရာအညွှန်း၏ အခွင့်အရေးများ ထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ အမှတ်တံဆိပ် အခွင့်အရေး ထိပါးချိုးဖောက်မှုများ၏ အရေးယူမှုဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဆီလျော်သလိုကျင့်သုံးရမည်။

## အခန်း (၁၄)
## ကုန်သွယ်မှုအမည်

၅၈။ (က) ကုန်သွယ်မှုအမည်သည် အမှတ်တံဆိပ်တစ်ခု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ယင်းကုန်သွယ်မှုအမည်ကို မှတ်ပုံတင်ခြင်းမပြုသော်လည်း အကာအကွယ်ပေးရမည်။

(ခ) အမည် သို့မဟုတ် သတ်မှတ်ဖော်ပြချက်တစ်ရပ်၏ သဘောသဘာဝအရဖြစ်စေ၊ ယင်းကို ထည့်သွင်း အသုံးပြုခြင်းအားဖြင့်ဖြစ်စေ အများပြည်သူ၏ အေးချမ်းတည်ငြိမ်ရေး သို့မဟုတ် ကိုယ်ကျင့်သိက္ခာကို ဆန့်ကျင်ထိပါးစေလျှင်၊ အထူးသဖြင့် ယင်းအမည်ဖြင့် ဖော်ပြထားသော စီးပွားရေးလုပ်ငန်း သဘောသဘာဝသည် ကုန်သွယ်မှုနယ်ပယ် သို့မဟုတ် အများပြည်သူကို လှည့်ဖြားသကဲ့သို့ ဖြစ်ပေါ်စေလျှင် ယင်းအမည် သို့မဟုတ် သတ်မှတ်ဖော်ပြချက်ကို ကုန်သွယ်မှုအမည်အဖြစ် အသုံးမပြုရ။

(ဂ) ကုန်သွယ်မှုအမည်တစ်ခုနှင့် ထပ်တူ သို့မဟုတ် အလားတူသောအမှတ်အသားကို အခြား ကုန်သွယ်မှု အမည်အဖြစ်လည်းကောင်း၊ အမှတ်တံဆိပ်အဖြစ်လည်းကောင်း ခွင့်ပြုချက်တစ်စုံ တစ်ရာမရှိဘဲ အသုံးပြုခြင်းသည် အများပြည်သူကို ထင်ယောင်ထင်မှားဖြစ်စေလျှင် ကုန်သွယ်မှု အမည်ကို အကာအကွယ်ပေးရမည်။

## အခန်း (၁၅)
## အပြည်ပြည်ဆိုင်ရာလျှောက်ထားခြင်း

၅၉။ ဤဥပဒေအာဏာတည်ပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် အပြည်ပြည်ဆိုင်ရာ အမှတ်တံဆိပ်မှတ်ပုံတင်စနစ်သို့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ပြီးပါက မြန်မာနိုင်ငံအားရွေးချယ်လျှောက်ထားသည့် အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်လျှောက်ထားခြင်းကိုဖြစ်စေ၊ မြန်မာနိုင်ငံမှ လျှောက်ထားမည့် အပြည်ပြည် ဆိုင်ရာ လျှောက်ထားခြင်းကိုဖြစ်စေ လျှောက်ထားလိုပါက သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

## အခန်း (၁၆)
## အယူခံခြင်း

၆၀။ (က) မှတ်ပုံတင်အရာရှိက ဤဥပဒေအရ ချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အယူခံမှုတွင် ညွှန်ကြားရေးမှူးချုပ်သည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် သက်သေခံ အထောက်အထားများကို ထပ်မံရယူရန် ညွှန်ကြားနိုင်သည်။

၆၁။ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သောဆုံးဖြတ်ချက်ကိုမကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း တရားရုံးသို့ အယူခံဝင်နိုင်သည်။

## အခန်း (၁၇)
## မှတ်ပုံတင်အမှတ်တံဆိပ်ဆိုင်ရာအခွင့်အရေးကို အကောက်ခွန်ရုံးက အကာအကွယ်ပေးခြင်း

၆၂။ အခွင့်အရေးရရှိသူသည် ကုန်အမှတ်တံဆိပ်အတုကို အသုံးပြုထားသည်ဟု စွပ်စွဲခံထားရသော ကုန်ပစ္စည်းများကို မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းသို့ တင်သွင်းထားကြောင်း သို့မဟုတ် တင်သွင်းလျက် ရှိကြောင်း သို့မဟုတ် တင်သွင်းရန်ရှိကြောင်း သံသယဖြစ်ဖွယ်ရာ ခိုင်လုံသော အထောက်အထားရှိပါက အဆိုပါ ကုန်ပစ္စည်း လွတ်လပ်စွာ စီးဆင်းမှုခွင့်ပြုခြင်းကို ဆိုင်းငံ့မိန့်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ အကောက်ခွန် အာဏာပိုင်များထံသို့ လျှောက်ထားနိုင်သည်။

၆၃။ (က) အကောက်ခွန်အာဏာပိုင်သည် -

(၁) ပုဒ်မခွဲ (ခ) ပါ သတ်မှတ်ချက်အား ထိခိုက်စေခြင်းမရှိဘဲ ပုဒ်မ ၆၂ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ရုံးဖွင့်ရက် ရက်ပေါင်း ၃၀ အတွင်း သင့်လျော်သည့်အချိန်၌ ယင်းလျှောက်လွှာအား လက်ခံကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

(၂) လျှောက်ထားချက်အား စိစစ်ရန်လိုအပ်သော သတင်းအချက်အလက်များ မပြည့်စုံခဲ့လျှင် အကောက်ခွန်အာဏာပိုင်များသည် လျှောက်ထားသူမှ ရုံးဖွင့်ရက် ၁၀ ရက်အတွင်း သင့်လျော်သည့်အချိန်၌ သတင်းအချက်အလက်များ ထပ်မံဖြည့်စွက်ပေးပို့ရန် ၎င်း၏ ဆုံးဖြတ်ချက်ကို လျှောက်ထားသူထံ အကြောင်းကြားစာပေးပို့၍ ရွှေ့ဆိုင်းရမည်။

(၃) လျှောက်ထားချက်ကို လက်ခံရာတွင် အာမခံချက်တစ်ရပ်ကို လျှောက်ထားသူမှ ပေးရန် သတ်မှတ်နိုင်သည်။

(၄) လျှောက်ထားချက်အား ငြင်းပယ်ခဲ့လျှင် အကြောင်းပြချက်ကို ရှင်းလင်းစွာ ဖော်ပြရမည်။

(ခ) အခွင့်အရေးရရှိသူသည် ပိုမိုတိုတောင်းသော အချိန်ကာလတစ်ခုကို တောင်းဆိုခြင်း မပြုခဲ့လျှင် ယင်းလုပ်ဆောင်မှုသည် ၆ လအထိ သက်ရောက်မှု ရှိစေရမည်။

၆၄။ (က) အကောက်ခွန်အာဏာပိုင်များသည် ပုဒ်မ ၆၃ အရ လျှောက်ထားချက်အား လက်ခံပြီးနောက် တင်သွင်းသော ကုန်အမှတ်တံဆိပ်အတုကို အသုံးပြုထားသော ကုန်ပစ္စည်းဖြစ်သည်ဟု ယူဆနိုင်သော သေချာသည့် အထောက်အထားများရှိလျှင် အဆိုပါကုန်ပစ္စည်းများ လွတ်လပ်စွာ စီးဆင်းခွင့်ပြုခြင်းကို ဆိုင်းငံ့ထားရမည်။ ယင်းသို့ ဆိုင်းငံ့ထားခြင်းကို အခွင့်အရေးရရှိသူနှင့် တင်သွင်းသူတို့အား ချက်ချင်းအကြောင်းကြားရမည်။

(ခ) အဆိုပါ ကုန်ပစ္စည်းသည် ကုန်အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းဖြစ်ကြောင်း အခွင့်အရေးရရှိသူ၏တောင်းဆိုချက် မှန်ကန်ကြောင်း သက်သေပြရန်အလို့ငှာ အကောက်ခွန် အာဏာပိုင်သည် လျှို့ဝှက်သတင်းအချက်အလက်များအား မပေါက်ကြားစေဘဲ ဆိုင်းငံ့ထားသောကုန်ပစ္စည်းများကို အခွင့်အရေးရရှိသူနှင့်တင်သွင်းသူတို့အား လုံလောက်သော စစ်ဆေးခွင့်ပြုရမည်။

၆၅။ (က) လျှောက်ထားသူထံ ဆိုင်းငံ့မိန့်ကို အသိပေးအကြောင်းကြားပြီးနောက် ရုံးဖွင့်ရက် ၁၀ ရက်ထက် မကျော်လွန်သော အချိန်ကာလအတွင်း အခွင့်အရေးရရှိသူမှ အမှုကိစ္စအမှားအမှန်အပေါ် ဆုံးဖြတ်နိုင်ရန် အရေးယူဆောင်ရွက်ခြင်းကိုစတင်ဆောင်ရွက်နေကြောင်း သို့မဟုတ် တရားရုံးမှ ကုန်ပစ္စည်း စီးဆင်းမှုဆိုင်းငံ့သည့် ယာယီအရေးယူဆောင်ရွက်ချက်များသည် ကြန့်ကြာနေကြောင်း အကောက်ခွန် အာဏာပိုင်များထံသို့ အကြောင်းကြားခဲ့ခြင်းမရှိလျှင် ယင်းကုန်ပစ္စည်းကို ကင်းလွတ်ခွင့်ပြုရမည်။ သင့်လျော်သောကိစ္စရပ်များတွင် ထိုသတ်မှတ်ထားသောအချိန်ကာလကို ပထမရုံးဖွင့်ရက် ၁၀ ရက်မကုန်ဆုံးမီ အကောက်ခွန်အာဏာပိုင်များ၏ ဆုံးဖြတ်ချက်ဖြင့် နောက်ထပ်ရုံးဖွင့်ရက် ၁၀ ရက် ထပ်မံတိုးချဲ့နိုင်သည်။

(ခ) ပျက်စီးလွယ်သော ကုန်ပစ္စည်းများဖြစ်ပါက သတ်မှတ်ထားသော ရုံးဖွင့်ရက် ၁၀ ရက်မှ ၃ ရက်သို့ လျှော့ချရမည်။ အဆိုပါ ၃ ရက်အား ထပ်မံတိုးချဲ့ခြင်းမပြုနိုင်။

၆၆။ ဆိုင်းငံ့မိန့်အကြောင်းကြားစာကို လက်ခံရရှိပြီးနောက် တင်သွင်းသူသည် ဆိုင်းငံ့မိန့်အား ပြန်လည်စိစစ်ရန်နှင့် ကြားနာခွင့်ပြုရန်အတွက် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးသည် ပြန်လည်စိစစ်ရန် အခွင့်အရေး တောင်းဆိုသည့်ရက်မှ ရုံးဖွင့်ရက် ၂၀ ရက်အတွင်း သင့်လျော်သည့်အချိန်၌ ဆိုင်းငံ့ကာလကို ပြင်ဆင်ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုလုပ်ရမည်။

၆၇။ တရားရုံးက ကုန်အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းမှန်ကန်ကြောင်းဆုံးဖြတ်ခဲ့လျှင် တင်သွင်းသူသည် အဆိုပါကုန်ပစ္စည်းများအား ထိန်းသိမ်းခြင်း၊ ဖျက်ဆီးခြင်း၊ ဖယ်ရှားခြင်းတို့အတွက် ကုန်ကျစရိတ်များကို အကောက်ခွန်ရုံးသို့ ပေးဆောင်ရမည်။ အကောက်ခွန်အာဏာပိုင်များအနေဖြင့် တင်သွင်းသူထံမှ အဆိုပါကုန်ကျစရိတ်များကိုမရရှိခဲ့လျှင် အခွင့်အရေးရရှိသူသည် အဆိုပါကုန်ကျစရိတ်များအားပေးဆောင်ရန် တာဝန်ရှိပြီး တင်သွင်းသူထံမှ ထိုသို့ ပေးဆောင်ရမည့် မည်သည့်စရိတ်ကိုမဆို ပြန်လည်ရပိုင်ခွင့်ရှိစေရမည်။

၆၈။ တရားရုံးက ကုန်အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းမဟုတ်ကြောင်း ဆုံးဖြတ်ခဲ့လျှင် အဆိုပါကုန်ပစ္စည်းများအား မှားယွင်းစွာ ဆိုင်းငံ့ခြင်းနှင့် ယာယီထိန်းသိမ်းခြင်းတို့ကြောင့် ဖြစ်ပေါ်သည့် နစ်နာကြေးကို တရားရုံးမှ သတ်မှတ်ဆုံးဖြတ်သည့် ပမာဏအတိုင်း လျှောက်ထားသူမှ တင်သွင်းသူထံ ပေးဆောင်ရမည်။

၆၉။ ဤအခန်းပါပြဋ္ဌာန်းချက်များသည် ကုန်အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းများအား စီးပွားရေးအလို့ငှာမဟုတ်ဘဲ ကုန်ပစ္စည်းတင်သွင်းသူက ကိုယ်ပိုင်သုံးရန်ရည်ရွယ်၍ ခရီးသည်ဝန်စည်အနေဖြင့် ယူဆောင်လာသော ကုန်ပစ္စည်းနှင့်သော်လည်းကောင်း၊ အနည်းငယ်မျှသာ တင်သွင်းတင်ပို့လာသော ကုန်ပစ္စည်းနှင့်သော်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ။

၇၀။ အကောက်ခွန်အာဏာပိုင်များသည် ကုန်အမှတ်တံဆိပ်အတုကို အသုံးပြုထားသည်ဟု စွပ်စွဲထားသည့် ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့်လည်းကောင်း၊ အခြားနိုင်ငံမှ အကောက်ခွန် အာဏာပိုင်များနှင့်လည်းကောင်း သတင်းအချက်အလက်များ ဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်သည်။

## အခန်း (၁၈)
## မှတ်ပုံတင်အမှတ်တံဆိပ်ဆိုင်ရာအခွင့်အရေးကို ထိပါးချိုးဖောက်မှုများအတွက် တရားရုံးမှ ဆောင်ရွက်နိုင်သော လုပ်ထုံးလုပ်နည်းများ

၇၁။ အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးကို ထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ ထိခိုက်နစ်နာသူ မည်သူမဆို ပြစ်မှုကြောင်းဖြင့်ဖြစ်စေ၊ တရားမကြောင်းဖြင့်ဖြစ်စေ၊ နှစ်ရပ်လုံးဖြင့်ဖြစ်စေ တရားရုံးသို့ စွဲဆိုလျှောက်ထားနိုင်သည်။

၇၂။ တရားရုံးသည် -

(က) အမှတ်တံဆိပ်ပိုင်ရှင် မဟုတ်သော အခြားသူတစ်ဦးက ၎င်းအမှတ်တံဆိပ်ပိုင်ရှင်၏ သဘောတူခွင့်ပြုချက်မပါဘဲ ပုဒ်မ ၃၂ ပါ အခွင့်အရေးတစ်ခုခုကို မြန်မာနိုင်ငံတွင် ပြုမူဆောင်ရွက်ပါက ဤဥပဒေအရ အကာအကွယ်ပေးထားသော အမှတ်တံဆိပ်ကို ချိုးဖောက်သည်ဟု သတ်မှတ်ရမည်။

(ခ) ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများအတွက် ထပ်တူ သို့မဟုတ် အလားတူ မှတ်ပုံတင်မထားသည့် လူသိများပြီး ကျော်ကြားသော အမှတ်တံဆိပ်သင်္ကေတ တစ်ခုအား ခွင့်ပြုချက်မရဘဲ အသုံးပြုခြင်းသည် အများပြည်သူကို ထင်ယောင်ထင်မှား ဖြစ်စေနိုင်သည်ဟု သတ်မှတ်ရမည်။

၇၃။ (က) တရားရုံးသည် ကုန်အမှတ်တံဆိပ် ထိပါးချိုးဖောက်မှုများနှင့် စပ်လျဉ်း၍ အောက်ပါ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်များကို ချမှတ်နိုင်သည် -

(၁) ကုန်အမှတ်တံဆိပ် ထိပါးချိုးဖောက်ခြင်းကို ကာကွယ်တားဆီးရန်နှင့် အကောက်ခွန် ကင်းလွတ်ခွင့်ရပြီးလျှင်ပြီးချင်း တင်သွင်းသော ကုန်ပစ္စည်းများ အပါအဝင် ကုန်အမှတ်တံဆိပ် ထိပါးချိုးဖောက်သည့် ကုန်ပစ္စည်းများ မြန်မာနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေး နယ်ပယ်အတွင်းသို့ ဝင်ရောက်လာခြင်းကို ကာကွယ်တားဆီးရန်၊

(၂) ကုန်အမှတ်တံဆိပ် ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကုန်ပစ္စည်းများနှင့်သက်ဆိုင်သည့် သက်သေခံအထောက်အထားများအား မူလအခြေအနေမပျက် ထိန်းသိမ်းထားရန်၊

(၃) သက်ဆိုင်ရာ အကောက်ခွန်ရုံးက ထုတ်ထားသည့် ဆိုင်းငံ့မိန့်ကို ပြင်ဆင်ရန်၊ ပယ်ဖျက်ရန် သို့မဟုတ် အတည်ပြုရန်။

(ခ) တရားရုံးသည် အောက်ပါအခြေအနေ တစ်ရပ်ရပ်တွင် တစ်ဖက်အမှုသည်၏ မျက်ကွယ်၌ ယာယီ အရေးယူဆောင်ရွက်ချက်များကို အမိန့်ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူကို ပြင်ဆင်၍မရနိုင်သော ထိခိုက်နစ်နာစေနိုင်သည့် နှောင့်နှေးကြန့်ကြာမှု တစ်စုံတစ်ရာရှိခြင်း၊

(၂) သက်သေခံအထောက်အထားများကို ဖျက်ဆီးခံရမည့်အန္တရာယ်အမှန်တကယ်ကျရောက်နေခြင်း၊

(ဂ) တရားရုံးသည် -

(၁) လျှောက်ထားသူသည် အခွင့်အရေးရရှိသူဖြစ်ကြောင်း၊ ၎င်း၏မှတ်ပုံတင်အခွင့်အရေးကို ထိပါးချိုးဖောက်နေကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန်အလားအလာရှိကြောင်း ခိုင်လုံ၍ ကျေနပ်စေလောက်သော အထောက်အထားဖြစ်စေရန်အလို့ငှာ လျှောက်ထားသူအား လိုအပ်သည့် သက်သေခံအထောက်အထားများ တင်ပြရန် တောင်းဆိုနိုင်သည်။

(၂) အလွဲသုံးစားပြုလုပ်ခြင်းမှ ကာကွယ်တားဆီးရန်နှင့် တရားပြိုင်အား ကာကွယ်ရန်အတွက် လုံခြုံမှုတစ်ရပ် သို့မဟုတ် အလားတူ လုံလောက်သော အာမခံချက်ပေးရန် လျှောက်ထားသူအား သတ်မှတ်တောင်းဆိုနိုင်သည်။

(ဃ) တရားရုံးသည် တစ်ဖက်အမှုသည်၏ မျက်ကွယ်၌ ချမှတ်သော ယာယီအရေးယူဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးလျှင်ပြီးချင်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ထိခိုက်နစ်နာသူများထံ အသိပေးအကြောင်းကြားရမည်။ အဆိုပါ အရေးယူဆောင်ရွက်ချက်များကို တရားရုံးမှ သတ်မှတ်သည့် သင့်လျော်သော အချိန်ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ချက်မရှိခဲ့လျှင် ရုံးဖွင့်ရက် ရက်ပေါင်း ၂၀ အတွင်း ပြီးမြောက်အောင် ဆောင်ရွက်ရမည်။ အဆိုပါ အရေးယူဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် အတည်ပြုခြင်းတို့အား ဆုံးဖြတ်ပေးရန် တစ်ဖက်အမှုသည်၏ တောင်းဆိုချက်အရ ကြားနာခွင့် အပါအဝင် ပြန်လည်စစ်ဆေးခြင်းတစ်ရပ်ကို ရုံးဖွင့်ရက် ရက်ပေါင်း ၂၀ အတွင်းဆောင်ရွက်ရမည်။

(င) တရားရုံးသည် ကုန်အမှတ်တံဆိပ် ချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကုန်ပစ္စည်းများအား ခွဲခြားသတ်မှတ်ရန်အတွက် လိုအပ်သော အခြားသတင်းအချက်အလက်များကို တင်ပြရန် လျှောက်ထားသူထံမှ တောင်းဆိုနိုင်သည်။

(စ) တောင်းဆိုထားသည့် ယာယီအရေးယူဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အရေးယူဆောင်ရွက်ချက်များကို ချမှတ်သော တရားရုံးမှ သတ်မှတ်ထားသည့် သင့်လျော်သော ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ထားခြင်းမရှိခဲ့လျှင် ရုံးဖွင့်ရက် ရက်ပေါင်း ၂၀ သို့မဟုတ် ပြက္ခဒိန်ရက် ၃၁ ရက်တို့အနက် ပိုမိုကြာမြင့်သည့်အချိန်ကာလထက်မပိုသော အချိန်အတွင်း တရားစွဲဆိုမှုအပေါ် ဆောင်ရွက်ချက်များကို စတင်ခဲ့ခြင်းမရှိလျှင် ပုဒ်မခွဲ (ဃ)ကို မထိခိုက်စေဘဲ ပုဒ်မခွဲ (က) နှင့် (ခ) အရ ချမှတ်ထားသော ယာယီအရေးယူ ဆောင်ရွက်ချက်များကို တရားပြိုင်၏တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် တစ်နည်းအားဖြင့် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

(ဆ) တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ချက်များအားရုပ်သိမ်းလျှင်ဖြစ်စေ၊ လျှောက်ထားသူ၏ ပျက်ကွက်မှု သို့မဟုတ် ပြုလုပ်မှုတစ်ရပ်ရပ်ကြောင့် ဆိုင်းငံ့လျှင်ဖြစ်စေ၊ ကုန်အမှတ်တံဆိပ် အခွင့်အရေးချိုးဖောက်ခြင်း မရှိကြောင်း သို့မဟုတ် ချိုးဖောက်ရန် အလားအလာမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ တရားပြိုင်၏ တောင်းဆိုချက်အရ အဆိုပါအရေးယူဆောင်ရွက်ချက် များကြောင့် ပေါ်ပေါက်သော ထိခိုက်နစ်နာမှုများအတွက် သင့်လျော်သော လျော်ကြေးကို ပေးဆောင်ရန် လျှောက်ထားသူကို အမိန့်ချမှတ်နိုင်သည်။

၇၄။ (က) တရားရုံးသည် အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ တရားမ ဆိုင်ရာဥပဒေများနှင့် တရားမကျင့်ထုံးဥပဒေတို့ကို မထိခိုက်စေဘဲ အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(၁) အကောက်ခွန် ကင်းလွတ်ခွင့်ရပြီးလျှင်ပြီးချင်း တင်သွင်းလာသော ကုန်အမှတ်တံဆိပ် ချိုးဖောက်သည့် ကုန်ပစ္စည်းများ မြန်မာနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေး နယ်ပယ်အတွင်းသို့ ဝင်ရောက်လာခြင်းအား ကာကွယ်တားဆီးခြင်းအပါအဝင် ကုန်အမှတ်တံဆိပ်ချိုးဖောက်မှုကို ရပ်ဆိုင်းရန် ချမှတ်သည့်အမိန့်၊

(၂) (ကက) ကုန်အမှတ်တံဆိပ်ချိုးဖောက်ခြင်းကြောင့် အခွင့်အရေးရရှိသူ၏ ထိခိုက်နစ်နာမှုများအတွက် ပေးလျော်ရန် လုံလောက်သော နစ်နာကြေးအား ထိပါးချိုးဖောက်သူမှ အခွင့်အရေးရရှိသူထံ ပေးဆောင်ရန်အတွက် ချမှတ်သည့်အမိန့်။ သင့်လျော်သော ကိစ္စရပ်များတွင် တရားရုံးသည် မူလရင်းနှီးမြှုပ်နှံထားသော နစ်နာကြေးကိုဖြစ်စေ၊ အကျိုးအမြတ်ကိုဖြစ်စေ၊ နှစ်ရပ်လုံးကိုဖြစ်စေ ပြန်လည်ရရှိစေရန် အစားထိုးအမိန့်၊

(ခခ) အခွင့်အရေးရရှိသူ၏ တရားစရိတ်နှင့် ရှေ့နေစရိတ်တို့ အပါအဝင် ကျသင့်သော ကုန်ကျစရိတ်များအား ပေးဆောင်ရန်အမိန့်၊

(၃) အခွင့်အရေးရရှိသူကို ထိခိုက်နစ်နာမှုမရှိစေရန် အလို့ငှာ လျော်ကြေးတစ်စုံတစ်ရာ ပေးဆောင်စေခြင်းမရှိဘဲ ကုန်အမှတ်တံဆိပ် ချိုးဖောက်သော ကုန်ပစ္စည်းများအား ကူးသန်းရောင်းဝယ်ရေးနယ်ပယ်၏ ပြင်ပသို့ ဖယ်ရှားရန် သို့မဟုတ် ဖျက်ဆီးရန် ချမှတ်သည့်အမိန့်၊

(၄) ကုန်အမှတ်တံဆိပ်ချိုးဖောက်သော ကုန်ပစ္စည်းများ ဖန်တီးရာတွင် အဓိကအသုံးပြုသော ပစ္စည်းကိရိယာတန်ဆာပလာများကို ကူးသန်းရောင်းဝယ်ရေးနယ်ပယ်ပြင်ပသို့ ဖယ်ရှားရန် သို့မဟုတ် ဖျက်ဆီးရန် ချမှတ်သည့်အမိန့်။

(ခ) တရားရုံးသည် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၃) နှင့် (၄) အရ အမိန့်တစ်ခုခုကို ချမှတ်ရန်စဉ်းစားရာတွင် အဆိုပါအမိန့်နှင့် ကုန်အမှတ်တံဆိပ် ချိုးဖောက်သည့်ပမာဏတို့အကြား အချိုးညီစွာ ချင့်ချိန်ဆုံးဖြတ်ရမည်ဖြစ်ပြီး အခြားပုဂ္ဂိုလ်များ၏ အကျိုးစီးပွားကိုလည်း ထည့်သွင်းစဉ်းစားရမည်။

၇၅။ အရေးယူမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အလွဲသုံးစားပြုသော အခွင့်အရေးရရှိသူသည် ထိုကဲ့သို့ အလွဲသုံးစားပြုခြင်းကြောင့် နစ်နာမှုအတွက် မှားယွင်းစွာ ဟန့်တားခံရသည့် တရားပြိုင်အား လျော်ကြေး ပေးဆောင်ရန် တာဝန်ရှိသည်။ ထို့အပြင် တရားရုံးသည် တရားပြိုင်၏ ကျသင့်သော ကုန်ကျစရိတ်၊ (ရှေ့နေစရိတ်အပါအဝင်) တရားစရိတ် သို့မဟုတ် အခြားသော ကုန်ကျစရိတ်များအား အခွင့်အရေးရရှိသူမှ ပေးဆောင်ရန် အမိန့်ချမှတ်နိုင်သည်။

၇၆။ (က) တရားရုံးသည် အောက်ပါအခြေအနေများတွင် တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်ကို မထိခိုက်စေဘဲ သင့်လျော်သော ကိစ္စရပ်များတွင် လျှို့ဝှက်သတင်းအချက်အလက်များကို အကာအကွယ်ပေးလျက် သက်သေခံအထောက်အထားများကို တရားပြိုင်မှ တင်ပြရန် အမိန့်ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူက ၎င်း၏တောင်းဆိုချက်များကို လုံလောက်စွာအထောက်အကူပြုနိုင်မည့် ခိုင်လုံသော သက်သေခံအထောက်အထားများကို တင်ပြခဲ့လျှင်၊

(၂) ၎င်းတောင်းဆိုချက်နှင့် ဆီလျော်သည့် ခိုင်လုံသော သက်သေခံ အထောက်အထားများသည် တရားပြိုင်၏ လက်ဝယ်တွင်ရှိကြောင်း တိကျစွာဖော်ပြခဲ့လျှင်။

(ခ) ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ မိမိသဘောဆန္ဒအလျောက် ထိပါးချိုးဖောက်သူသည်-

(၁) လိုအပ်သည့် သတင်းအချက်အလက်များကို ရယူရာတွင် ငြင်းဆိုလျှင်၊

(၂) သင့်လျော်သောကာလအတွင်း လိုအပ်သောသတင်းအချက်အလက်များအားမပေးပို့နိုင်လျှင်၊

(၃) အရေးယူဆောင်ရွက်မှုနှင့် စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို သိသာစွာ ဟန့်တားလျှင်၊

တရားရုံးသည် ထိခိုက်နစ်နာသူနှင့်ထိပါးချိုးဖောက်သူတို့၏စွပ်စွဲချက်များ သို့မဟုတ် သက်သေခံအထောက်အထားများအရ ကြားနာခွင့်ပေးပြီး ၎င်းထံတင်ပြလာသောသတင်းအချက်အလက်များအပေါ် အခြေခံ၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်းစသည့် ပဏာမနှင့်အပြီးသတ်ဆုံးဖြတ်ချက် များကို ချမှတ်နိုင်သည်။ သတင်းအချက်အလက်များတွင် သတင်းအချက်အလက်ပေးရန် ငြင်းဆိုခြင်းကြောင့် ထိခိုက်နစ်နာသူက တင်ပြလာသည့် လျှောက်ထားချက် သို့မဟုတ် စွပ်စွဲချက်များ စသည့်တင်ပြချက်များပါဝင်သည်။

၇၇။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်တွင် ငွေဒဏ်ချမှတ်ခဲ့ပါက ယင်းချမှတ်သော ငွေဒဏ်အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း နစ်နာကြေးအဖြစ် နစ်နာသူအားပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၇၈။ တရားစွဲဆိုရန် အကြောင်းတစ်ရပ်တည်းကို အခြေပြု၍ ပြစ်မှုကြောင်းနှင့် တရားမကြောင်း နှစ်ရပ်လုံးဖြင့် စွဲဆိုပါက တရားရုံးသည် တရားမမှုတွင် ထိခိုက်နစ်နာမှုအတွက် နစ်နာကြေးပေးစေရန် စီရင်ချက်၊ အမိန့်နှင့် ဒီကရီချမှတ်သည့်အခါ ပုဒ်မ ၇၇ အရ ချမှတ်သည့် ငွေဒဏ်မှ နစ်နာကြေးအဖြစ် ပေးခဲ့သော ငွေကြေးကို ထည့်သွင်းခုနှိမ်ပေးရမည်။

၇၉။ တရားရုံးသည် မှတ်ပုံတင်အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးနှင့် စပ်လျဉ်း၍ ထိပါးချိုးဖောက်သော ကုန်ပစ္စည်းများကို ဖြန့်ဖြူးခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းတွင် ပါဝင်ပတ်သက်သော အခြားသူများမှာ မည်သူမည်ဝါဖြစ်ကြောင်း မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင် သို့မဟုတ် အခွင့်အရေးရရှိသူအား အသိပေးစေရန် ထိပါးချိုးဖောက်သူကို အမိန့်ချမှတ်နိုင်သည်။

၈၀။ တရားရုံးသည် မှတ်ပုံတင်ကုန်အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးကို ချိုးဖောက်ခြင်းအတွက် ယာယီအရေးယူဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အမိန့်ချမှတ်ရာတွင် ဤဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့် တရားမကျင့်ထုံးဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

## အခန်း (၁၉)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၈၁။ (က) မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို စီးပွားရေး အလို့ငှာ ကုန်အမှတ်တံဆိပ်ပိုင်ရှင်၏ သဘောတူခွင့်ပြုချက် မရှိဘဲ သိလျက်နှင့် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ဖြစ်စေ၊ ပြစ်မှုကျူးလွန်သူအား သိလျက်နှင့် အားပေးကူညီလျှင်ဖြစ်စေ ထိုသူအား ၃ နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်နိုင်သည် -

(၁) ကုန်အမှတ်တံဆိပ် အတုပြုလုပ်ခြင်း၊

(၂) ကုန်အမှတ်တံဆိပ်အတုအား ကုန်ပစ္စည်းတွင် အသုံးချခြင်း သို့မဟုတ် ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ အသုံးချခြင်း၊

(၃) ကုန်အမှတ်တံဆိပ်အတုပြုလုပ်ရန်ဖြစ်စေ၊ ကုန်အမှတ်တံဆိပ်အတုကို ကုန်ပစ္စည်းတွင်အသုံးချရန် ဖြစ်စေ အဓိကအသုံးပြုသော မည်သည့်ပစ္စည်း သို့မဟုတ် ကိရိယာတန်ဆာပလာများကိုမဆို လက်ဝယ်ထားရှိခြင်း၊

(၄) ကုန်အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းအား ရောင်းဝယ်ဖောက်ကား ဖြန့်ဝေခြင်း။

(၅) ကုန်အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းအား မြန်မာနိုင်ငံသို့ တင်သွင်းခြင်း သို့မဟုတ် မြန်မာနိုင်ငံမှ တင်ပို့ခြင်း။

(ခ) အချို့သော ကိစ္စရပ်များတွင် တရားရုံးသည် ဤပုဒ်မအရ ပြစ်မှုထင်ရှား စီရင်ရာ၌ ပြစ်မှုကျူးလွန်ရာတွင် အဓိကအသုံးပြုသောပစ္စည်းများနှင့် ကိရိယာတန်ဆာပလာများအပါအဝင် ကုန်အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းများကို ဖမ်းဆီးသိမ်းဆည်းခြင်း၊ အခွင့်အရေးရရှိသူ သို့မဟုတ် တရားစွဲဆို တင်ပြသူအား နစ်နာကြေးအဖြစ်ပေးစေခြင်း သို့မဟုတ် ဖျက်ဆီးစေခြင်း သို့မဟုတ် ကူးသန်းရောင်းဝယ်ရေး နယ်ပယ်ပြင်ပသို့ ဖယ်ရှားခြင်း စသည့် အမိန့်များကို ချမှတ်နိုင်သည်။

၈၂။ မည်သူမဆို ပုဒ်မ ၈၁၊ ပုဒ်မခွဲ (က) ပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပြီးနောက် ယင်းပြစ်မှုကို ကျူးလွန်သည့်နေ့မှ ၅ နှစ်အတွင်း ယခင်ကျူးလွန်ခဲ့သည့် ပြစ်မှုမျိုးကို ထပ်မံ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ၃ နှစ်မှ အများဆုံး ၁၀ နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၃။ မည်သူမဆို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ အဖွဲ့ဝင်ထားသော အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များအရ အထူးအကာအကွယ်ပေးထားသော အလံ သို့မဟုတ် သင်္ကေတအမှတ်အသား များကို အမှတ်တံဆိပ်အဖြစ် စီးပွားရေးအလို့ငှာ အသုံးပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ၃ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၈၄။ မည်သူမဆို မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်အား ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ မှတ်ပုံတင်အမှတ် တံဆိပ်ကို ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း၊ ပုံသဏ္ဌာန်ဖျက်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်း တစ်ခုခုပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးဆယ်ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၅။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းနှစ်ဆယ်ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) အမှတ်တံဆိပ်မှတ်ပုံတင်လက်မှတ်အတုကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း၊

(ခ) အမှတ်တံဆိပ်မှတ်ပုံတင်စာရင်းတွင် မမှန်ကန်သော အချက်အလက်များ ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း။

၈၆။ မည်သူမဆို တရားရုံးက ပုဒ်မ ၇၉ အရ ချမှတ်သောအမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင် ထိုသူအား ၆ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းနှစ်ဆယ်ထက် မပိုသော ငွေဒဏ်ဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၂၀)
## အထွေထွေ

၈၇။ ဤဥပဒေအာဏာမတည်မီက မှတ်ပုံတင်အက်ဥပဒေနှင့်အညီ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည့် အမှတ်တံဆိပ်ပိုင်ရှင်သည် မှတ်ပုံတင်အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးကို ရရှိလိုလျှင် ဤဥပဒေနှင့်အညီ မှတ်ပုံတင်ပေးရန်အတွက် လျှောက်ထားချက်ကို တင်သွင်းရမည်။

၈၈။ (က) စက်မှုလုပ်ငန်း သို့မဟုတ် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ရိုးသားစွာ လုပ်ဆောင်မှုများကို ဆန့်ကျင်သည့် မည်သည့်ယှဉ်ပြိုင်မှုမျိုးမျှ တရားမဝင်စေရ။

(ခ) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ပိုင်ရှင်သည် စက်မှုလုပ်ငန်း သို့မဟုတ် ကူးသန်း ရောင်းဝယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ရိုးသားစွာ လုပ်ဆောင်မှုများကို ဆန့်ကျင်သည့် မည်သည့်ယှဉ်ပြိုင်မှုမျိုးကိုမဆို ကာကွယ်ပိုင်ခွင့်ရှိသည်။

၈၉။ ဤဥပဒေအရ ပြစ်မှုကြောင်းဖြင့်ဖြစ်စေ၊ တရားမကြောင်းဖြင့်ဖြစ်စေ၊ နှစ်ရပ်လုံးဖြင့်ဖြစ်စေ စွဲဆိုသော အမှုများနှင့် စပ်လျဉ်း၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ တရားရုံး၊ ယင်းရုံး၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းထားသည့် တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များသည် စက်မှု ဒီဇိုင်းမူပိုင်ခွင့်ဥပဒေတွင် ပြဋ္ဌာန်းထားသည့် စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များအတိုင်း ဖြစ်သည်။

၉၀။ အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ -

(က) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ဤဥပဒေနှင့်အညီ ဆောင်ရွက်ရမည်၊

(ခ) ဤဥပဒေပါကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်းသည့်ပြစ်မှုတစ်ရပ်ရပ်ကို ဤဥပဒေအရသာအရေးယူရမည်။

၉၁။ မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ မိမိအားအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဆင်ခြင်တုံ တရားဖြင့် ဆုံးဖြတ်ရာတွင် တစ်စုံတစ်ဦးအား ထိခိုက်နစ်နာစေမည်ဆိုပါက ထိုသူကို တင်ပြခွင့်ပေး၍ ကြားနာခွင့်ပေးရမည်။

၉၂။ မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပြီး တံဆိပ်ရိုက်နှိပ်ထားသော ကုန်အမှတ် တံဆိပ် မှတ်ပုံတင်လက်မှတ်မိတ္တူနှင့် အထောက်အထား စာရွက်စာတမ်းများကို သက်ဆိုင်ရာတရားရုံးတွင် သက်သေခံအဖြစ် တင်ပြခွင့်ရှိသည်။

၉၃။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန်မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာအခြားသက်သေခံစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့တွင် သက်သေခံပစ္စည်း တင်ပြသကဲ့သို့ မှတ်ယူ၍ သက်ဆိုင်ရာတရားရုံးက ဤဥပဒေနှင့်အညီ စီမံခန့်ခွဲသည့်အမိန့် ချမှတ်ရမည်။

၉၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် အစိုးရဌာနနှင့် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုခုက စီးပွားရေးအလို့ငှာမဟုတ်ဘဲ နိုင်ငံတော်၏အရေးပေါ်အခြေအနေနှင့် အများပြည်သူဘေးအန္တရာယ် ကိစ္စများတွင် ကုန်အမှတ်တံဆိပ်ပါရှိသည့် ကုန်ပစ္စည်းတစ်စုံတစ်ရာကို အသုံးပြုခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၉၅။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများဟု သတ်မှတ်ရမည်။

၉၆။ အငြင်းပွားသူပုဂ္ဂိုလ်များအကြား အငြင်းပွားမှုများကို တရားရေးအရဖြစ်စေ၊ နှစ်ဦးနှစ်ဖက် ညှိနှိုင်း၍ ချစ်ကြည်ရင်းနှီးစွာ ဖြေရှင်းသည့် နည်းလမ်းဖြင့်ဖြစ်စေ ဖြေရှင်းနိုင်သည်။

၉၇။ ဤဥပဒေအရ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) တာဝန်ခံဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) တာဝန်ခံဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း၊ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံးသည် လိုအပ်သောအမိန့်နှင့် ညွှန်ကြားချက်များ လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈၂/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၉ ရက် )

**တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **တီထွင်မှုမူပိုင်ခွင့် ဥပဒေကြမ်း**အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# တီထွင်မှုမူပိုင်ခွင့်ဥပဒေ (မူကြမ်း)

## ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၇ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **တီထွင်မှုမူပိုင်ခွင့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် **နိုင်ငံတော်သမ္မတက** အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သောနေ့ရက်မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တီထွင်မှု**ဆိုသည်မှာ နည်းပညာနယ်ပယ်ရှိ သီးခြားအခက်အခဲပြဿနာတစ်ရပ်ကို ဖြေရှင်းပေးနိုင်သည့် ထုတ်ကုန် သို့မဟုတ် ထုတ်လုပ်မှုနည်းစဉ်ဆိုင်ရာဖန်တီးမှုကို ဆိုသည်၊

(ခ) **တီထွင်မှုမူပိုင်ခွင့်**ဆိုသည်မှာ တီထွင်မှုတစ်ခုအား အကာအကွယ်ပေးရန် ဤဥပဒေအရ ခွင့်ပြုသည့် မူပိုင်ခွင့်ကို ဆိုသည်၊

(ဂ) **အသေးစားတီထွင်မှု**ဆိုသည်မှာ အရာဝတ္ထုတစ်ခု၏ အသစ်ဖြစ်သောပုံသဏ္ဌာန် သို့မဟုတ် ဖွဲ့စည်းပုံတစ်ခု သို့မဟုတ် ၎င်း၏လုပ်ဆောင်မှု သို့မဟုတ် အသုံးပြုမှုပိုင်းကို မြှင့်တင်ပေးသော အစိတ်အပိုင်းတစ်ခု၏ နည်းပညာဆိုင်ရာဖန်တီးမှုတစ်ရပ်ကို ဆိုသည်၊

(ဃ) **တီထွင်မှုမူပိုင်ခွင့်ရရှိသူ**ဆိုသည်မှာ တီထွင်မှုမူပိုင်ခွင့်ရရှိသူအဖြစ် မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသူကိုသော်လည်းကောင်း၊ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုလျှင် ထိုသူအားလုံးကိုသော်လည်းကောင်း ဆိုသည်၊

(င) **တီထွင်သူ**ဆိုသည်မှာ တီထွင်မှုတစ်ခုကို ပြုလုပ်သည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များကို ဆိုသည်၊

(စ) **အခွင့်အရေးရရှိသူ**ဆိုသည်မှာ တီထွင်မှုမူပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးများအား တရားဝင်ခံစားခွင့်ရှိသော ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ရပ်တည်သော အဖွဲ့အစည်းကို ဆိုသည်၊

(ဆ) **သာမန်တတ်ကျွမ်းသူ**ဆိုသည်မှာ တီထွင်မှုဆိုင်ရာနည်းပညာနယ်ပယ် သို့မဟုတ် တီထွင်မှုနှင့် အနီးစပ်ဆုံးဆက်စပ်နေသည့် နည်းပညာနယ်ပယ်တွင် သာမန်အဆင့်တတ်ကျွမ်းမှုရှိသူကို ဆိုသည်၊

(ဇ) **ဦးစားပေးအခွင့်အရေး**ဆိုသည်မှာ ဤဥပဒေ၏ အခန်း (၉) ပါ ဦးစားပေးအခွင့်အရေးကို ဆိုသည်၊

(ဈ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ခံဝန်ကြီးဌာနက ဤဥပဒေအရ ခန့်အပ်တာဝန်ပေးခြင်းခံရသည့် အရာရှိကို ဆိုသည်၊

(ည) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ လိုအပ်သော စစ်ဆေးမှုများပြုလုပ်ရန် တာဝန်ခံဝန်ကြီးဌာနက ဤဥပဒေအရ ခန့်အပ်တာဝန်ပေးခြင်းခံရသည့် အရာရှိကို ဆိုသည်၊

(ဋ) **အဖွဲ့ဝင်နိုင်ငံ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များ သို့မဟုတ် သဘောတူညီချက်များ သို့မဟုတ် ယင်းတို့နှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုကို ဆိုသည်၊

(ဎ) **တာဝန်ခံဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေပါ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်၊

(ဏ) **အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး**ဆိုသည်မှာ တာဝန်ခံဝန်ကြီးဌာနက စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ တည်ထောင်သော မြန်မာနိုင်ငံအသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးကို ဆိုသည်၊

(ပ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ မြန်မာနိုင်ငံအသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏အကြီးအကဲကို ဆိုသည်၊

(ဖ) **တရားရုံး**ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ ဖွဲ့စည်းထားသော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်တရားရုံးကိုသော်လည်းကောင်း၊ ယင်းရုံး၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းထားသည့် တရားရုံးများကိုသော်လည်းကောင်း ဆိုသည်၊

(တ) **အလုပ်သမား**ဆိုသည်မှာ မိမိ၏ကာယအား ဉာဏအားကို အသုံးပြု၍ လုပ်ကိုင်ရရှိသော လုပ်ခဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုနေရသူကို ဆိုသည်။ ယင်းစကားရပ်တွင် အစိုးရဌာန၊ အဖွဲ့အစည်း တစ်ရပ်ရပ်၏ ဝန်ထမ်းများလည်း ပါဝင်သည်၊

(ထ) **အလုပ်ရှင်**ဆိုသည်မှာ အလုပ်အကိုင်ဆိုင်ရာသဘောတူညီချက်အရ နှစ်ဖက်သဘောတူညီသော အခကြေးငွေဖြင့် အလုပ်သမားတစ်ဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ ငှားရမ်းလုပ်ကိုင်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း စီမံကွပ်ကဲအုပ်ချုပ်ပြီး အလုပ်သမားအား လုပ်ခပေးရန်၊ အလုပ်ခန့်ထားရန်နှင့် အလုပ်မှရပ်စဲရန် တာဝန်ရှိသူတစ်ဦးဦး သို့မဟုတ် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အလုပ်ရှင်၏ တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ ပုဂ္ဂလိကပိုင်လုပ်ငန်းတွင် အလုပ်ရှင်ကွယ်လွန်ပါက ယင်း၏ တရားဝင်အမွေဆက်ခံသူနှင့် အစုရှယ်ယာတရားဝင်လက်ခံရရှိသူတို့လည်း ပါဝင်သည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်နှင့်တီထွင်သူတို့၏ အကျိုးစီးပွားကို ဤဥပဒေနှင့်အညီအကာအကွယ်ပေးရန်၊

(ခ) နည်းပညာဆိုင်ရာဆန်းသစ်တီထွင်မှုများနှင့် နည်းပညာဖြန့်ဖြူးလွှဲပြောင်းရေးတို့ကို မြှင့်တင်နိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) တီထွင်သူများနှင့် တီထွင်မှုကို သုံးစွဲသူများအကြား နည်းပညာဗဟုသုတနှင့် လူမှုစီးပွားဘဝ သာယာဝပြောရေးများကို အပြန်အလှန်အကျိုးပြုစေရန်၊

(ဃ) တီထွင်သူများနှင့် တီထွင်မှုကို သုံးစွဲသူများ၏ အခွင့်အရေးနှင့် ကျင့်ဝတ်တို့အား ဟန်ချက်ညီစေရေးတို့တွင် အထောက်အကူဖြစ်စေရန်၊

(င) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် အခွင့်အရေးရရှိသူမှ တီထွင်မှုမူပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းနှင့် ကုန်သွယ်မှုတွင် သင့်တင့်မျှတမှုမရှိဘဲ ထိန်းချုပ်ထားခြင်းတို့ကို ဟန့်တားနိုင်ရန်။

## အခန်း (၃)
## တာဝန်ခံဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ

၄။ တာဝန်ခံဝန်ကြီးဌာနသည် ဤဥပဒေ၏ ရည်ရွယ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို လမ်းညွှန်မှုပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်သော ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များပါ တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လမ်းညွှန်မှုပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရန် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ ဖွဲ့စည်းပုံနှင့်အညီ မှတ်ပုံတင်အရာရှိတစ်ဦးနှင့် အခြားလိုအပ်သည့် ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးအပ်ခြင်း၊ ထို့အပြင် လိုအပ်ပါက ဒုတိယမှတ်ပုံတင်အရာရှိများနှင့် လက်ထောက်မှတ်ပုံတင်အရာရှိများကို ခန့်အပ်တာဝန်ပေးအပ်ခြင်း၊

(င) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ လိုအပ်သော စစ်ဆေးမှုများကို ဆောင်ရွက်နိုင်စေရန် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ ဖွဲ့စည်းပုံနှင့်အညီ စစ်ဆေးရေးအရာရှိများကို ခန့်အပ်တာဝန်ပေးအပ်ခြင်း၊

(စ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်မှတ်ပုံတင်ခြင်းများကို ခွင့်ပြုရာတွင် အသုံးပြုမည့် တံဆိပ်တုံးကို အတည်ပြုသတ်မှတ်ခြင်း၊

(ဆ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် အယူခံအဖွဲ့၊ ပြန်လည်သုံးသပ်ရေးအဖွဲ့ အစရှိသည့် လိုအပ်သော လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဇ) ဤဥပဒေပါ အခကြေးငွေများကို သတ်မှတ်ခြင်း၊

(ဈ) ပြည်ထောင်စုအစိုးရက အခါအားလျော်စွာပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၄)
## မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များ

၅။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားခြင်းဆိုင်ရာလုပ်ငန်းများနှင့် စစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) တောင်းဆိုထားသည့် တီထွင်မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ပြည်ပရှိအဖွဲ့ဝင်နိုင်ငံများ၌ မှတ်တမ်းတင်ထားပြီးသော တီထွင်မှုမူပိုင်ခွင့်များကို ရှာဖွေခြင်းနှင့် တောင်းဆိုထားသည့် တီထွင်မှုကို စစ်ဆေးခြင်း၊

(ဃ) တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်နှင့် ခုခံချေပချက်တို့ကို ဆုံးဖြတ်ခြင်း၊

(င) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သူများအား ခေါ်ယူစစ်ဆေးခြင်းနှင့် စာရွက်စာတမ်းအထောက်အထားများကို တောင်းခံခြင်း၊

(စ) တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ခြင်း၊

(ဆ) တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ လျှောက်ထားသူထံ အကြောင်းကြားခြင်း၊ ကြားနာခွင့်ပေးခြင်းနှင့် ထုတ်ပြန်ကြေညာခြင်း၊

(ဇ) တီထွင်မှုမူပိုင်ခွင့်လက်မှတ်၊ အသေးစားတီထွင်မှုမူပိုင်ခွင့်လက်မှတ်တို့ ထုတ်ပေးခြင်း၊

(ဈ) မှတ်ပုံတင်ထားသော တီထွင်မှုမူပိုင်ခွင့်ကို ပယ်ဖျက်ခြင်း၊ ရပ်စဲခြင်း၊ ရုပ်သိမ်းခြင်း၊

(ည) တီထွင်မှုမူပိုင်ခွင့်နှင့် အသေးစားတီထွင်မှုမူပိုင်ခွင့်တို့ကို လွှဲပြောင်းခြင်းနှင့် လိုင်စင်ပေးခြင်းတို့ကို မှတ်တမ်းတင်ခြင်း၊

(ဍ) တီထွင်မှုမူပိုင်ခွင့်မှတ်ပုံတင်စာရင်းကို ထိန်းသိမ်းထားရှိခြင်း၊

(ဎ) တာဝန်ခံဝန်ကြီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၆။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်များကို စစ်ဆေးခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို စစ်ဆေးပြီးနောက် ခွင့်ပြုရန် သင့်၊ မသင့် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်၊ ခုခံချေပချက်တို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကို မိမိ၏သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(ဃ) တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ အယူခံချက်ကို စစ်ဆေးပြီး တွေ့ရှိချက်ကို မိမိ၏သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(င) တာဝန်ခံဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် မှတ်ပုံတင်အရာရှိတို့က ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၅)
## တီထွင်မှုမူပိုင်ခွင့်

၇။ တီထွင်မှုသည် အောက်ပါအချက်များနှင့် ညီညွတ်သည့်အပြင် ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်များနှင့်လည်း ငြိစွန်းခြင်းမရှိပါက တီထွင်မှုမူပိုင်ခွင့်ပေးနိုင်သောတီထွင်မှု ဖြစ်သည် -

(က) တီထွင်မှုအသစ်ဖြစ်ခြင်း၊

ရှင်းလင်းချက်။ ။ တီထွင်မှုသည် ယခင်ရှိပြီးသားနည်းပညာတစ်ခုအနေဖြင့်မရှိခဲ့လျှင် အသစ်ဖြစ်သည်။ ယခင်ရှိပြီးသားနည်းပညာတွင် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသည့်နေ့ရက် သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုလျှောက်ထားပါက ယင်းဦးစားပေးအခွင့်အရေးတောင်းဆိုသည့် နေ့ရက်မတိုင်မီ မည်သည့်နေရာတွင်မဆို တီထွင်မှုကို ပုံနှိပ်ထုတ်ဝေခြင်း၊ နှုတ်ဖြင့်ဖွင့်ဟပြောဆိုခြင်း၊ အသုံးပြုခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့်အများပြည်သူသို့ ရနိုင်စေမည့် သို့မဟုတ် ထုတ်ဖော်အသိပေးထားသည့် နည်းပညာများ ပါဝင်သည်။

(ခ) တီထွင်မှုအဆင့်တစ်ရပ်ပါရှိခြင်း၊

ရှင်းလင်းချက်။ ။ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသည့် တီထွင်မှုကို သက်ဆိုင်ရာနည်းပညာနယ်ပယ်တွင် ကျွမ်းကျင်သူတစ်ဦးက အလွယ်တကူနားလည်နိုင်စွမ်း မရှိပါက ယင်းတီထွင်မှုသည် တီထွင်မှုအဆင့်တစ်ရပ်ပါရှိသော တီထွင်မှု ဖြစ်သည်ဟု သတ်မှတ်ရမည်။

(ဂ) တီထွင်မှုကို စက်မှုလက်မှုလုပ်ငန်းတစ်ရပ်ရပ်တွင် အသုံးချနိုင်ခြင်း။

ရှင်းလင်းချက်။ ။ တီထွင်မှုကို စက်မှုလက်မှုလုပ်ငန်းတစ်ရပ်ရပ်၌ အသုံးချနိုင်ခြင်းဆိုရာတွင် ယင်းတီထွင်မှုကို စက်မှုလက်မှုလုပ်ငန်းတွင် ပြုလုပ်နိုင်ရမည် သို့မဟုတ် အသုံးပြုနိုင်ရမည်။ စက်မှုလက်မှုလုပ်ငန်းဟူသော စကားရပ်တွင် ကုန်ပစ္စည်းများ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများကို ရှေးရှုသည့် လူမှုစီးပွားရေး လုပ်ငန်းဆောင်ရွက်မှုများအဖြစ် ကျယ်ပြန့်စွာပါဝင်ပြီး အထူးသဖြင့် လက်မှုပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း ပါဝင်သည်။

၈။ (က) အောက်ပါတို့သည် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာအကာအကွယ် မရရှိစေရ -

(၁) ရှာဖွေတွေ့ရှိချက်များ၊ သိပ္ပံဆိုင်ရာသီအိုရီများနှင့် သင်္ချာဆိုင်ရာတွက်ချက်နည်းများ၊

(၂) စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်း၊ စိတ်ပိုင်းဆိုင်ရာအပြုအမူသက်သက် ဆောင်ရွက်ခြင်း သို့မဟုတ် ယှဉ်ပြိုင်ကစားခြင်းနှင့်စပ်လျဉ်းသည့် စီမံချက်များ၊ စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် နည်းလမ်းများ၊

(၃) ကွန်ပျူတာပရိုဂရမ်များ၊

(၄) အပင်များ သို့မဟုတ် တိရစ္ဆာန်များကို စိုက်ပျိုးမွေးမြူရေးအတွက် အဓိကကျသောဇီဝဆိုင်ရာ ထုတ်လုပ်မှုနည်းစဉ်များ၊

ခြွင်းချက်။ ။ ထိုနည်းစဉ်များ၌ ဇီဝမဟုတ်သော ထုတ်လုပ်မှုနည်းစဉ်နှင့် အဏုဇီဝ ထုတ်လုပ်မှုနည်းစဉ်များ မပါဝင်။

(၅) သက်ရှိမျိုးနွယ်များ၊ အပင်မျိုးစိတ်များနှင့် သဘာဝတွင်တွေ့ရှိရသော သက်ရှိတို့၏ အင်္ဂါ အစိတ်အပိုင်းများ သို့မဟုတ် သက်ရှိများ၊ အလွန်သေးငယ်သောသက်ရှိများ သို့မဟုတ် ယင်းမှထုတ်ယူထားသော သို့မဟုတ် ခွဲခြားထားသော၊ သန့်စင်ထားသော၊ ဂုဏ်သတ္တိ အမျိုးမျိုးဖြင့် ပြောင်းလဲထားသော သက်ရှိဇီဝပစ္စည်းတစ်ခု၏ မျိုးပွားပစ္စည်း သို့မဟုတ် မျိုးပွားနိုင်သောအရည်တို့ အပါအဝင် အပင်များနှင့် တိရစ္ဆာန်များ၊ ဒီအောက်စီရိုက် ဘိုနယူကလိယဆက်တန်းများဖြင့် ဖွဲ့စည်းထားသော ဆဲလ်များ၊ သက်ရှိဆဲလ်များ၊ မွေးမြူ ထားသော ဆဲလ်များနှင့် အစေ့များ၊

ခြွင်းချက်။ ။ ဤပြဋ္ဌာန်းချက်တွင် ပြုလုပ်ဖန်တီးထားသည့် အဏုဇီဝများ မပါဝင်။

(၆) လူနှင့်တိရစ္ဆာန်များ၏ ခန္ဓာကိုယ်ကို ခွဲစိတ်ကုသနည်းများ သို့မဟုတ် ကုထုံးများနှင့် လူနှင့် တိရစ္ဆာန်များ၏ ခန္ဓာကိုယ်တွင် လက်တွေ့စမ်းသပ်ပြီး ရရှိလာသောရောဂါရှာဖွေခြင်း နည်းလမ်းများ၊

ခြွင်းချက်။ ။ အဆိုပါနည်းလမ်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် အသုံးပြုသည့် ပစ္စည်း များသည် ဤပြဋ္ဌာန်းချက်နှင့် သက်ဆိုင်မှုမရှိစေရ။

(၇) သဘာဝအတိုင်းရှိသည့် အရာဝတ္ထုများ၊ အသုံးပြုမှုအသစ်များနှင့် ပုံသဏ္ဌာန်အသစ်များ အပါအဝင် အများသိရှိထားပြီးဖြစ်သည့် အရာဝတ္ထုများ သို့မဟုတ် နည်းဥပဒေတွင် သတ်မှတ်ဖော်ပြထားသည့် ဓာတုထုတ်ကုန်များ စသည်တို့နှင့် ဆက်နွယ်သည့် တီထွင်မှုများ၊

(၈) လူ၊ တိရစ္ဆာန် သို့မဟုတ် အပင်တို့၏သက်တမ်း သို့မဟုတ် ကျန်းမာရေးတို့ကို ကာကွယ်ရန် သို့မဟုတ် ပတ်ဝန်းကျင်အား ဆိုးဝါးစွာထိခိုက်စေခြင်းမှ ရှောင်ရှားရန်တို့ အပါအဝင် အများ ပြည်သူ၏ ကိုယ်ကျင့်သိက္ခာနှင့် အေးချမ်းတည်ငြိမ်မှုကို ကာကွယ်ရန်အလို့ငှာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ နယ်နိမိတ်အတွင်း စီးပွားဖြစ်အသုံးချမှုကို ဥပဒေအရ တားမြစ် ထားသော တီထွင်မှုများ။

(ခ) အောက်ပါတို့သည် ပြည်ထောင်စုအစိုးရက သီးခြားသတ်မှတ်သည့်ကာလမရှိလျှင် ၂၀၃၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့အထိ တီထွင်မှုမူပိုင်ခွင့် အကာအကွယ်မရရှိစေရ -

(၁) ကျန်းမာရေးကဏ္ဍနှင့်စပ်လျဉ်းသည့် ထုတ်ကုန် သို့မဟုတ် ထုတ်လုပ်မှုနည်းစဉ်၊

(၂) စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုဗေဒထုတ်ကုန်များ၊

(၃) စားသောက်ကုန်များနှင့်

(၄) အဏုဇီဝပစ္စည်းများ။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ (ခ) ပါ အကာအကွယ်မရရှိစေသောကာလကို ကုန်သွယ်မှုနှင့်စပ်လျဉ်းသည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကောင်စီ၏ သဘောတူညီချက်နှင့်အညီ ပြင်ဆင်သတ်မှတ်နိုင်သည်။

## အခန်း (၆)
## တီထွင်မှုမူပိုင်ခွင့် ရခွင့်ရှိသူများ

၉။ (က) တီထွင်သူသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားရန် အခွင့်အရေးရှိသူဖြစ်ပြီး အဆိုပါ တီထွင်မှုမူပိုင်ခွင့်တွင် အမည်သတ်မှတ်ဖော်ပြပိုင်ခွင့်ရှိသည်။ ဤလျှောက်ထားနိုင်သည့် အခွင့်အရေးကို ဆက်ခံခြင်းနည်းအားဖြင့် လွှဲအပ်လုပ်ကိုင်ခွင့်ပေးခြင်း သို့မဟုတ် လွှဲပြောင်းခြင်းပြုနိုင်သည်။

(ခ) နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသူများက တူညီသောတီထွင်မှုတစ်ခုကို သီးခြားစီတီထွင်ခဲ့လျှင် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက် အစောဆုံးတင်သွင်းသူ သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုချက်ပါရှိလျှင် ဦးစားပေးနေ့ရက်ကို အစောဆုံးတရားဝင်ရရှိထားသော လျှောက်ထားသူသည် တီထွင်မှုမူပိုင်ခွင့်ကို ရခွင့်ရှိသည်။

၁၀။ (က) နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသူများက တီထွင်မှုတစ်ရပ်ကို ပူးတွဲပြုလုပ်ခဲ့လျှင် တီထွင်မှုမူပိုင်ခွင့်ကို ပူးတွဲလျှောက်ထားရမည်ဖြစ်ပြီး တစ်ဦးချင်းစီသည် ၎င်းတို့၏တီထွင်မှုအတွက် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်၏ ပူးတွဲပိုင်ရှင်တစ်ဦးဖြစ်ရမည်။

(ခ) နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော တီထွင်သူများပါဝင်သည့် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားမှုတွင် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၄) ပါ အချက်များနှင့်အညီ ဆောင်ရွက်ထားပြီးဖြစ်ပါက တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်အား တင်သွင်းရာတွင် မပါဝင်သော တီထွင်သူသည် အခြားပူးတွဲတီထွင်သူများ၏ လျှောက်ထားခြင်းကို ဟန့်တားခြင်းမပြုရ။

၁၁။ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရဖြစ်စေ၊ ယင်းသဘောတူညီချက်၏ အကျိုးဆက်အရဖြစ်စေ တီထွင်မှုတစ်ခုကို ပြုလုပ်သည့်အခါ -

(က) အလုပ်သမားက တီထွင်မှုတစ်ခုကို ပြုလုပ်ရာတွင် သီးခြားသဘောတူညီချက်မရှိပါက အလုပ်ရှင်ကသာ ထိုတီထွင်မှုမူပိုင်ခွင့်ကို ရခွင့်ရှိသည်။

(ခ) အလုပ်ရှင်၏ တာဝန်ပေးအပ်ချက်အရမဟုတ်ဘဲ ၎င်း၏လုပ်ငန်းနယ်ပယ်နှင့်ဆက်နွှယ်နေသော တီထွင်မှုတစ်ခုကို အလုပ်သမားက ပြုလုပ်ရာတွင် ယင်းတီထွင်မှုကို ပြုလုပ်ရန်အတွက် အလုပ်ရှင်၏ ပစ္စည်းကိရိယာ၊ အချက်အလက် သို့မဟုတ် နည်းပညာကို အသုံးပြုခဲ့လျှင် သီးခြားသဘောတူညီချက်မရှိပါက အလုပ်သမားကသာ ထိုတီထွင်မှုမူပိုင်ခွင့်ကို ရခွင့်ရှိပြီး အလုပ်ရှင်သည် ၎င်း၏လုပ်ငန်းနယ်ပယ်နှင့်ဆက်စပ်၍ ပြုလုပ်သော တီထွင်မှုအပေါ် အသုံးပြုရန် တစ်ဦးတည်းပိုင်မဟုတ်သော လိုင်စင်ရရှိစေရမည်။

(ဂ) အလုပ်အကိုင်ဆိုင်ရာသဘောတူညီချက်ကုန်ဆုံးပြီးနောက် တစ်နှစ်အတွင်းပြုလုပ်သည့် တီထွင်မှုအား လျှောက်ထားရာတွင် သီးခြားသဘောတူညီချက်မရှိပါက အဆိုပါတီထွင်မှုသည် ယခင်အလုပ်ရှင်၏ လုပ်ငန်းနယ်ပယ်အတွင်း ၎င်း၏အလုပ်သမားကပြုလုပ်ရရှိသည့်တီထွင်မှုဖြစ်လျှင် အလုပ်သမားက ဆန့်ကျင်ကွဲလွဲသည့် သက်သေခံအထောက်အထား တင်ပြနိုင်ခြင်းမရှိပါက ကုန်ဆုံးပြီးသော အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ ပြုလုပ်ခဲ့သည့် တီထွင်မှုဖြစ်သည်ဟု မှတ်ယူပြီး အလုပ်ရှင်မှ ထိုတီထွင်မှုမူပိုင်ခွင့်ကိုရခွင့်ရှိသည်။ သို့ရာတွင် အောက်ပါအခြေအနေတစ်ရပ်ရပ်၌ အလုပ်သမားကသာ တီထွင်မှုမူပိုင်ခွင့်အခွင့်အရေးကို ရရှိစေရမည် -

(၁) အလုပ်ရှင်က အဆိုပါတီထွင်မှုအပေါ် လျှောက်ထားမှုမရှိကြောင်း သဘောတူညီခဲ့လျှင်၊

(၂) အလုပ်သမားက တင်ပြသည့် သက်သေခံအထောက်အထားအပေါ် အလုပ်ရှင်မှ ငြင်းဆိုခြင်း မပြုနိုင်လျှင်၊

(၃) ပုဒ်မခွဲ (ဃ) အတိုင်း တင်ပြနိုင်ခဲ့လျှင်။

(ဃ) တီထွင်မှုကို ပြုလုပ်ပြီးကြောင်း အလုပ်ရှင်အား ဆက်သွယ်အကြောင်းကြားသည့်နေ့ သို့မဟုတ် အလုပ်ရှင်မှ သိရှိသည့်နေ့တို့အနက် ပို၍စောရာနေ့ရက်မှ ၆ လအတွင်း အဆိုပါတီထွင်မှုကို အလုပ်ရှင်မှလျှောက်ထားရန် ပျက်ကွက်ခဲ့လျှင် စွန့်လွှတ်ပြီးဖြစ်သည်ဟုမှတ်ယူပြီး အလုပ်သမားသည် ထိုတီထွင်မှုမူပိုင်ခွင့်ကို ရခွင့်ရှိသည်။

(င) အလုပ်သမားသည် ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့တွင် ဖော်ပြထားသော တီထွင်မှုမူပိုင်ခွင့်ပြုလုပ်မှုမှ အပ အခြားသောတီထွင်မှုကို ပြုလုပ်ခဲ့လျှင် သီးခြားသဘောတူညီချက်မရှိပါက ယင်းတီထွင်မှု အတွက် တီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခွင့်ရှိသည်။

## အခန်း (၇)
## တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခြင်း

၁၂။ မည်သူမဆို တီထွင်မှုမူပိုင်ခွင့်အခွင့်အရေးကို ရရှိလိုပါက ဤဥပဒေနှင့်အညီ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံးတွင် လျှောက်ထားရမည်။

၁၃။ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် -

(က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ လျှောက်ထားနိုင်သည်။ မှတ်ပုံတင်အရာရှိက တောင်းဆိုလျှင် မြန်မာဘာသာဖြင့် လျှောက်ထား ချက်ကို အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားချက်ကို မြန်မာ ဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုပေးရမည်။ အဆိုပါဘာသာပြန်ဆိုချက်အား မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။

(ခ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်တွင် အောက်ပါအချက်များ ဖော်ပြရမည်။ လိုအပ်ပါက သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများ ပူးတွဲတင်ပြရမည် -

(၁) တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုပေးရန် တောင်းဆိုချက်၊

(၂) လျှောက်ထားသူနှင့် တီထွင်သူတို့၏ အမည်၊ နိုင်ငံသားနှင့် နေရပ်လိပ်စာ၊

(၃) လျှောက်ထားသူတွင် အရေးပါသည့် စက်မှုလက်မှုလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း ရှိပါက ယင်းတို့၏လိပ်စာနှင့် နိုင်ငံအမည်၊

(၄) လျှောက်ထားသူသည် တရားဝင်ရပ်တည်သော အဖွဲ့အစည်းအတွက် လျှောက်ထားခြင်း ဖြစ်လျှင် ထိုအဖွဲ့အစည်းအမည်၊ အမျိုးအစား၊ လိပ်စာနှင့် နိုင်ငံအမည်၊

(၅) လျှောက်ထားသူက ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ် လွှဲစာနှင့်အတူ ကိုယ်စားလှယ်၏ အမည်နှင့်နေရပ်လိပ်စာ၊

(၆) လျှောက်ထားသူ အမြဲတမ်းနေထိုင်သည့်နေရာ သို့မဟုတ် လုပ်ငန်းတည်ရှိရာပင်မနေရာသည် မြန်မာနိုင်ငံ၏ နယ်နိမိတ်ပြင်ပတွင်ဖြစ်ပါက ကိုယ်စားလှယ်လွှဲစာနှင့်အတူ မိမိကိုယ်စား ဆောင်ရွက်မည့် ဒေသခံရှေ့နေ သို့မဟုတ် ကိုယ်စားလှယ်၏ အမည်နှင့် နေရပ်လိပ်စာ၊

(၇) ဦးစားပေးအခွင့်အရေးကို ထည့်သွင်းတောင်းဆိုခဲ့ပါက မူလလျှောက်ထားခဲ့သည့် နေ့ရက်၊ အကယ်၍ သိရှိပါက လျှောက်ထားချက်အမှတ်စဉ်နံပါတ်နှင့် နိုင်ငံ သို့မဟုတ် ရုံး၏အမည် ပါဝင်သည့် မြွက်ဟကြေညာချက်၊

(၈) လျှောက်ထားသူက တီထွင်ထားသည့်ကုန်ပစ္စည်းကို အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲတစ်ခုတွင် ခင်းကျင်းပြသရာမှ အကျိုးဆက်အဖြစ် ရရှိနိုင်သော မည်သည့်အကာအကွယ်ပေးမှု အခွင့်

အရေးကိုမဆို ရယူရန် ဆန္ဒရှိပါက ခင်းကျင်းပြသခဲ့သည့် ကုန်ပစ္စည်းဖြစ်ကြောင်း ခင်းကျင်း ပြသခဲ့သည့်နေ့ရက်၊ နိုင်ငံအမည်တို့နှင့်အတူ နိုင်ငံတကာကုန်စည်ပြပွဲဆိုင်ရာ စာရွက်စာတမ်းများ၊ ကုန်စည်ပြပွဲဆိုင်ရာအခွင့်အရေးကို တောင်းဆိုသည့် မြွက်ဟကြေညာချက်နှင့် ခင်းကျင်းပြသခဲ့သည့် ကုန်ပစ္စည်းဖြစ်ကြောင်း သက်သေခံအထောက်အထား၊

(၉) လျှောက်ထားသည့်အချိန်တွင် တီထွင်သူ သို့မဟုတ် လျှောက်ထားသူမှ သိရှိထားသော တီထွင်မှုကို ဆက်လက်ဆောင်ရွက်နိုင်မည့် အကောင်းဆုံးနည်းလမ်းဖြင့် ဖော်ပြထားပြီး သာမန်တတ်ကျွမ်းသူတစ်ဦးမှ အဆိုပါတီထွင်မှုကို ပြုလုပ်နိုင်ရန်နှင့် အသုံးပြုနိုင်ရန် ပြည့်စုံစွာ ဖော်ပြထားသော တီထွင်မှုဆိုင်ရာဖော်ပြချက်၊

(၁၀) တီထွင်မှုအမည်နှင့် တီထွင်မှုဆိုင်ရာအကျဉ်းချုပ်ဖော်ပြချက်၊

(၁၁) လျှောက်ထားသူသည် တီထွင်သူမဟုတ်ပါက သက်သေခံအထောက်အထားနှင့်အတူ တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် လျှောက်ထားခွင့်ကို မည်ကဲ့သို့ရရှိခဲ့ကြောင်း ဖော်ပြချက်၊

(၁၂) သတ်မှတ်ချက်နှင့်အညီ ဖော်ပြထားသည့် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော တီထွင်မှု မူပိုင်ခွင့်ပေးရန် တောင်းဆိုချက်များ၊

(၁၃) တီထွင်မှုကို နားလည်သဘောပေါက်စေရန် လိုအပ်သော ရေးဆွဲချက်များ၊

(၁၄) ပူးတွဲလျှောက်ထားသူများအနက်မှ တစ်ဦးဦးက ပူးတွဲလျှောက်ထားသူများအားလုံး၏ ကိုယ်စားလျှောက်ထားချက်ကို လက်မှတ်ရေးထိုးထားခြင်းဖြစ်လျှင် ကျန်ပူးတွဲလျှောက်ထားသူများ၏ စာဖြင့်ရေးသားထားသည့် သဘောတူညီချက်၊

(၁၅) အဖွဲ့အစည်းက လျှောက်ထားခြင်းဖြစ်ပြီး အဖွဲ့အစည်း၏ အကြီးအကဲမဟုတ်သူက လက်မှတ်ရေးထိုးထားခြင်းဖြစ်လျှင် ၎င်းအနေဖြင့် ထိုကဲ့သို့ လက်မှတ်ရေးထိုးပိုင်ခွင့်ရှိကြောင်း သက်သေခံအထောက်အထား၊

(၁၆) မျိုးရိုးဗီဇ သို့မဟုတ် ဇီဝအရင်းအမြစ်များ၏ မူရင်းဖြစ်ကြောင်း၊ ထိုအရင်းအမြစ်များနှင့် ပေါင်းစပ်သည်ဖြစ်စေ၊ မပေါင်းစပ်ဘဲဖြစ်စေ တည်ရှိနေသော ရိုးရာအသိပညာတစ်ရပ်ရပ်၏ မူရင်းဖြစ်ကြောင်းနှင့် တောင်းဆိုထားသောတီထွင်မှုကို ပြုလုပ်ရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုထားသော အဆိုပါအရင်းအမြစ်များ၏ မူရင်းဖြစ်ကြောင်း သိသာထင်ရှားစေသော သက်သေခံအထောက်အထား၊

(၁၇) ဆောလျင်စွာထုတ်ပြန်ကြေညာပေးရန် လျှောက်ထားလိုပါက ထိုသို့ကြေညာပေးရန် တောင်းဆိုချက်၊

(၁၈) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှ သတ်မှတ်သည့် အခြားလိုအပ်ချက်များ။

၁၄။ (က) တီထွင်မှုဆိုင်ရာဖော်ပြချက်ကို သာမန်တတ်ကျွမ်းသူတစ်ဦးက အဆိုပါတီထွင်မှုကို လုပ်ဆောင်နိုင်ရန် ထုတ်ဖော်ရေးသားရမည်ဖြစ်ပြီး အထူးသဖြင့် အဆိုပါဖော်ပြချက်တွင် ဦးစားပေးအခွင့်အရေးတောင်းဆိုပါက ဦးစားပေးအခွင့်အရေး တောင်းဆိုလျှောက်ထားသည့်နေ့ရက် သို့မဟုတ် လျှောက်လွှာတင်သွင်းသည့်နေ့ရက်၌ တီထွင်သူသိရှိထားသည့် ၎င်းတီထွင်မှုအား လုပ်ဆောင်နိုင်မည့်နည်းလမ်းများမှ အကောင်းဆုံးနည်းလမ်းဖြင့် ဖော်ပြပေးရမည်။

(ခ) တောင်းဆိုထားသောတီထွင်မှုအတွက် ထုတ်ဖော်ပြသချက်သည် လျှောက်ထားသောနေ့ရက်တွင် သက်ဆိုင်ရာပညာရပ်နယ်ပယ်၌ သာမန်တတ်ကျွမ်းမှုအဆင့်ရှိသူက ယင်းတီထွင်မှုကိုအသုံးချရန် သို့မဟုတ် ပြုလုပ်ရန် ခွင့်ပြုနိုင်သည့် လုံလောက်သော သတင်းအချက်အလက်များကို ထည့်သွင်းတင်ပြထားပါက အဆိုပါထုတ်ဖော်ပြသချက်ကို လိုသည်ထက်ပို၍ စမ်းသပ်စစ်ဆေးမှု မပြုဘဲ လုံလောက်စွာပြည့်စုံရှင်းလင်းသည်ဟု မှတ်ယူရမည်။

(ဂ) အဆိုပါတီထွင်မှုဆိုင်ရာဖော်ပြချက်တွင် ကာကွယ်ရန် တောင်းဆိုထားသောတီထွင်မှုကို ပြုလုပ်ရာ၌ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုထားသော မြန်မာနိုင်ငံ၏နယ်နိမိတ်အတွင်းမှ မျိုးရိုးဗီဇ သို့မဟုတ် ဇီဝရင်းမြစ်များ၏ဇာစ်မြစ်ကို ရှင်းလင်းစွာ သတ်မှတ်ဖော်ပြချက်သည်လည်းကောင်း၊ အဆိုပါရင်းမြစ်များနှင့် ဆက်စပ်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကာကွယ်ရန် တောင်းဆိုထားသောတီထွင်မှုကို ပြုလုပ်ရာ၌ တစ်ဦးချင်း သို့မဟုတ် စုပေါင်းဖန်တီးသူများ၏ကြိုတင်ခွင့်ပြုချက်မရှိဘဲ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုထားသော ရိုးရာအသိပညာဆိုင်ရာအချက်အလက်များကို ရှင်းလင်းစွာသတ်မှတ်ဖော်ပြချက်ပါရှိရမည်။

၁၅။ (က) တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက် သို့မဟုတ် တောင်းဆိုချက်များတွင် အကာအကွယ်ပေးစေလိုသည့်အချက်ကို သတ်မှတ်ဖော်ပြပေးရမည်ဖြစ်ပြီး တောင်းဆိုချက်များကို ရှင်းလင်းရာတွင် ဖော်ပြချက်နှင့် ရေးဆွဲချက်များကို အသုံးပြုနိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက်များသည် ရှင်းလင်း၍ ကျစ်လျစ်ပြည့်စုံသော ဖော်ပြချက်ဖြစ်ရမည်။

၁၆။ (က) မှတ်ပုံတင်အရာရှိသည် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းထားပြီးဖြစ်သော အောက်ဖော်ပြပါအချက်များနှင့် ညီညွတ်သည့် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးက လက်ခံရရှိသောနေ့ရက်ကို တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသော နေ့ရက်အဖြစ် မှတ်ယူမည်ဖြစ်သည် -

(၁) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) အရ လျှောက်ထားချက်တွင် လိုအပ်သော အချက်များအား ရှင်းလင်းစွာဖော်ပြချက်၊

(၂) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) နှင့် (၃) တို့တွင် ဖော်ပြထားသည့် လျှောက်ထားသူနှင့် သက်ဆိုင်သည့် အထောက်အထားများနှင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှ လျှောက်ထားသူထံ ဆက်သွယ်နိုင်မည့် အချက်အလက်များ ဖော်ပြချက်၊

(၃) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) နှင့် (၁၂) တို့တွင် ဖော်ပြထားသည့် တီထွင်မှုဆိုင်ရာဖော်ပြချက်နှင့် တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက်။

(ခ) မှတ်ပုံတင်အရာရှိသည် လျှောက်ထားချက်အား လက်ခံရရှိချိန်၌ ပုဒ်မခွဲ (က) ပါ လိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိပါက လျှောက်ထားသူအား လိုအပ်သော အမှားပြင်ဆင်ချက်များ ပြုလုပ်ပေးရန် တောင်းခံရမည်။ လိုအပ်သော အမှားပြင်ဆင်ချက်များ လက်ခံရရှိသောနေ့ရက်ကို လျှောက်ထားချက်တင်သွင်းသည့်နေ့ရက်အဖြစ် မှတ်ယူမည်ဖြစ်သည်။ လျှောက်ထားသူမှ ပြန်လည်ပြင်ဆင်ခြင်းမရှိပါက အဆိုပါလျှောက်ထားချက်ကို တင်သွင်းခြင်းမရှိသကဲ့သို့ မှတ်ယူမည်။

၁၇။ တူညီသောတီထွင်မှုတစ်ခုနှင့်စပ်လျဉ်း၍ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသူများက တီထွင်မှုမူပိုင်ခွင့်ရရှိရန် သတ်မှတ်ချက်များနှင့် ညီညွတ်သော လျှောက်ထားချက်များကို တစ်နေ့တည်းတွင် တင်သွင်းလာလျှင်ဖြစ်စေ၊ တူညီသောဦးစားပေးနေ့ရက်ကို လျှောက်ထားသည့်နေ့အဖြစ် တောင်းဆိုလာလျှင်ဖြစ်စေ -

(က) မှတ်ပုံတင်အရာရှိသည် သင့်လျော်လုံလောက်သည့် အချိန်ကာလအတွင်း ၎င်းတို့အချင်းချင်း ဆွေးနွေးညှိနှိုင်းပြီး တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူအဖြစ် သတ်မှတ်ပေးစေလိုသူ၏ အမည်ကို ပြန်လည်တင်ပြရန် လျှောက်ထားသူအားလုံးကို ညွှန်ကြားရမည်။

(ခ) လျှောက်ထားသူများသည် မှတ်ပုံတင်အရာရှိ၏ ညွှန်ကြားချက်နှင့်အညီ ၎င်းတို့အချင်းချင်း ဆွေးနွေးညှိနှိုင်းချက်အရ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူအဖြစ် သတ်မှတ်ပေးရန် သဘော

တူညီခြင်းခံရသူ၏ အမည်ကိုသော်လည်းကောင်း၊ ပူးတွဲလျှောက်ထားသူများအဖြစ် သတ်မှတ်ပေးစေလိုပါက ယင်းအချက်ကိုသော်လည်းကောင်း မှတ်ပုံတင်အရာရှိထံ ပြန်လည်တင်ပြရမည်။

(ဂ) မှတ်ပုံတင်အရာရှိက လျှောက်ထားသူများအားလုံးကို ပုဒ်မခွဲ (က) အရ ညွှန်ကြားသော်လည်း ၎င်းတို့အချင်းချင်း သဘောတူညီမှုမရရှိခဲ့လျှင်ဖြစ်စေ၊ တီထွင်မှုမူပိုင်ခွင့်နှင့် သက်ဆိုင်သူတစ်ဦးဦး၏ ကန့်ကွက်မှုကို လက်ခံရရှိခဲ့လျှင်ဖြစ်စေ မည်သည့်လျှောက်ထားသူ၏ တီထွင်မှုကိုမှ ခွင့်မပြုရ။

၁၈။ မှတ်ပုံတင်အရာရှိသည် မြန်မာနိုင်ငံတွင် လျှောက်ထားသော ပြည်ပနိုင်ငံတစ်ခုခုတွင် တင်သွင်းထားပြီးဖြစ်သော တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်များကို စစ်ဆေးနိုင်ရေးအတွက် အောက်ဖော်ပြပါ စာရွက်စာတမ်းများကို သတ်မှတ်ထားသောအချိန်အတွင်း တင်ပြရန် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူထံ အကြောင်းကြားနိုင်သည် -

(က) လျှောက်ထားသူရရှိထားပြီးဖြစ်သော သက်ဆိုင်ရာပြည်ပနိုင်ငံတစ်ခုခု၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးက ဆောင်ရွက်ခဲ့သည့် ရှာဖွေတွေ့ရှိချက်နှင့် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာတို့၏မိတ္တူ၊

(ခ) လျှောက်ထားသူ ပြည်ပမှရရှိထားပြီးဖြစ်သော တီထွင်မှုမူပိုင်ခွင့်လက်မှတ်မိတ္တူမှန်၊

(ဂ) ပြည်ပနိုင်ငံတစ်ခုခု၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို ငြင်းပယ်လျှင်ဖြစ်စေ၊ အဆိုပါလျှောက်ထားချက်ပါ တောင်းဆိုချက်ကို ငြင်းဆိုလျှင်ဖြစ်စေ၊ ယင်းဆုံးဖြတ်ချက်မိတ္တူ သို့မဟုတ် အဆိုပါလျှောက်ထားချက်အရ ခွင့်ပြုခဲ့သော မည်သည့်တီထွင်မှုမူပိုင်ခွင့်ကိုမဆို ပျက်ပြယ်စေလျှင်ဖြစ်စေ၊ ရုပ်သိမ်းလျှင်ဖြစ်စေ ယင်းဆုံးဖြတ်ချက်မိတ္တူ။

၁၉။ (က) မှတ်ပုံတင်အရာရှိသည် လျှောက်ထားသည့်နေ့ရက်ကို မှတ်တမ်းသွင်းပြီး တီထွင်မှုကို အပြည်ပြည်ဆိုင်ရာအမျိုးအစားခွဲခြားခြင်းဖြင့် အမျိုးအစားခွဲခြားပြီးနောက် လိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) အရ စစ်ဆေးပြီးနောက် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်ကို လိုအပ်သော ပြင်ဆင်မှုများပြုလုပ်၍ အကြောင်းကြားစာ လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ပြန်လည်တင်ပြရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။ သို့ရာတွင် လျှောက်ထားသူမှ ပြင်ဆင်၍ ပြန်လည်တင်ပြခြင်း မပြုလျှင် လျှောက်ထားချက်ကို စွန့်လွှတ်သည်ဟု မှတ်ယူရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) ပါ လိုအပ်ချက်များနှင့်ကိုက်ညီသော လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အများပြည်သူသိရှိနိုင်ရန် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့် နေ့ရက်နှင့် ဦးစားပေးအခွင့်အရေးတောင်းဆိုသည့် နေ့ရက်တို့အနက် ပို၍စောသည့် နေ့ရက်မှ ၁၈ လ ကုန်ဆုံးပြီးနောက် သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၂၀။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် လျှောက်ထားသည့်နေ့ရက်မှ ၃၆ လအတွင်း လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အသေးစိတ်စစ်ဆေးပေးရန် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ တောင်းဆိုရမည်။ မှတ်ပုံတင်အရာရှိသည် စစ်ဆေးပေးရန်အတွက် တောင်းဆိုချက်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော တောင်းဆိုချက်ကို သတ်မှတ်ထားသောကာလအတွင်း လျှောက်ထားခြင်းမရှိပါကအဆိုပါလျှောက်ထားချက်ကို စွန့်လွှတ်သည်ဟုမှတ်ယူမည်ဖြစ်သည်။

၂၁။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) အရ ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ ၃ လအတွင်း သတ်မှတ်ထားသော အခကြေးငွေ ပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ ကန့်ကွက်စာတင်သွင်းနိုင်သည်။ ကန့်ကွက်စာတွင် ကန့်ကွက်လိုသည့် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို ဖော်ပြရမည်ဖြစ်ပြီး ကန့်ကွက်သူမှ ခွင့်ပြုချက်ကို တားမြစ်ရန် သင့်လျော်သည်ဟု ထင်မြင်ယူဆသည့် ခိုင်လုံသော အကြောင်းပြချက်များအပါအဝင် သက်ဆိုင်ရာသက်သေခံအထောက်အထားများအားလုံးကို ဖော်ပြရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် ကန့်ကွက်ချက်ကို လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ဂ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် သတ်မှတ်ထားသောနည်းလမ်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြန်လှန်ချေပချက်ကို တင်သွင်းနိုင်သည်။

(ဃ) မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူနှင့် ကန့်ကွက်သူတို့အား ၎င်းတို့၏ အမှုကို ခုခံခြင်း၊ ပြန်လှန်ချေပခြင်းတို့နှင့်စပ်လျဉ်း၍ နှုတ်သက်သေခံချက် အပါအဝင် နောက်ထပ်သက်သေခံအထောက်အထားများ တင်ပြလာခြင်းအပေါ် သင့်လျော်သည်ဟု ထင်မြင်လျှင် ကြားနာခွင့်ပေးနိုင်သည်။

၂၂။ (က) လျှောက်ထားချက်သည် တီထွင်မှုတစ်ခု သို့မဟုတ် ယေဘုယျတီထွင်ကြံဆမှု သဘောတရား တစ်ခုနှင့် ဆက်စပ်နေသော တီထွင်မှုများနှင့်လည်း သက်ဆိုင်ရမည်။

(ခ) လျှောက်ထားချက်သည် ပုဒ်မခွဲ (က) ပါ အချက်နှင့် မကိုက်ညီပါက လျှောက်ထားသူသည် မူလလျှောက်ထားချက်တွင် ပါရှိသော ဖော်ပြချက်များကို မကျော်လွန်စေဘဲ လျှောက်ထားချက်ကို တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုမည့်အချိန်အထိ ပြင်ဆင်နိုင်သည်။

(ဂ) (၁) လျှောက်ထားသူသည် မူလလျှောက်ထားချက်တွင်ပါရှိသော ဖော်ပြချက်များကို မကျော်လွန်စေဘဲ လျှောက်ထားချက်ခွင့်ပြုမည့်အချိန်အထိ လျှောက်ထားချက်ကို နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော လျှောက်ထားချက်အခွဲများအဖြစ် ခွဲ၍လျှောက်ထားနိုင်သည်။

(၂) လျှောက်ထားချက်အခွဲတစ်ခုစီတွင် မူလလျှောက်ထားချက်၏ လျှောက်ထားသည့် နေ့ရက်နှင့် ဦးစားပေးအခွင့်အရေး တောင်းဆိုခဲ့ပါက ယင်းဦးစားပေးအခွင့်အရေး တောင်းဆိုသည့်နေ့ရက်တို့ကို ဖော်ပြပေးရမည်။

(ဃ) ပုဒ်မခွဲ (က) အရ တီထွင်မှုအစုတစ်ခု၏ လိုအပ်ချက်နှင့်မကိုက်ညီသော လျှောက်ထားချက်တွင် တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုခဲ့ပြီးသည့်အချက်သည် တီထွင်မှုမူပိုင်ခွင့်ကို ပျက်ပြယ်စေမည့် အကြောင်းပြချက် မဖြစ်စေရ။

၂၃။ (က) လျှောက်ထားသူ သို့မဟုတ် ပိုင်ရှင်က မှတ်ပုံတင်အရာရှိထံ၌ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် တစ်ရပ်အတွက် သတ်မှတ်ကာလအတွင်းလိုက်နာရန်ပျက်ကွက်ခဲ့ပြီး အဆိုပါပျက်ကွက်မှုကြောင့် သက်ဆိုင်ရာတီထွင်မှုမူပိုင်ခွင့် သို့မဟုတ် လျှောက်ထားချက်နှင့်စပ်လျဉ်းသည့် အခွင့်အရေး ဆုံးရှုံးမှု ဖြစ်ပေါ်စေမည်ဆိုပါက မှတ်ပုံတင်အရာရှိသည် အောက်ပါအချက်များနှင့်ကိုက်ညီလျှင် လျှောက်ထားသူ သို့မဟုတ် ပိုင်ရှင်ထံ အခွင့်အရေးများ ပြန်လည်ပေးရမည် -

(၁) လုပ်ဆောင်ရမည့်လုပ်ငန်းကို သတ်မှတ်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုကြောင့် ငြင်းပယ်ခံရသည့်နေ့ရက်မှ နှစ်လထက်နောက်မကျစေဘဲ တောင်းဆိုချက်တစ်ရပ်ကို တင်ပြခြင်း၊

(၂) အဆိုပါလုပ်ငန်းကို သတ်မှတ်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုနှင့်ပတ်သက်သည့် မေးခွန်းများ၊ သတင်းအချက်အလက်များ သို့မဟုတ် လိုအပ်ချက်များအားလုံးကို ပူးတွဲ တင်ပြခြင်း၊

(၃) သတ်မှတ်ထားသောကာလအတွင်း လိုက်နာရန်ပျက်ကွက်မှုအတွက် အကြောင်းပြချက်များအား တောင်းဆိုချက်တွင် ဖော်ပြခြင်း၊

(၄) မှတ်ပုံတင်အရာရှိသည် သတ်မှတ်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုမှာ မရည်ရွယ်ဘဲ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိခြင်း၊

(၅) အခကြေးငွေပေးသွင်းပြီးဖြစ်ခြင်း။

(ခ) အောက်ပါအခြေအနေများတွင် အခွင့်အရေးများ ပြန်လည်ပေးအပ်ခြင်းကို ခွင့်မပြုရ -

(၁) အယူခံအဖွဲ့ သို့မဟုတ် ပြန်လည်သုံးသပ်ရေးအဖွဲ့ထံတွင် အမှုတင်သွင်းထားခြင်း၊

(၂) နှစ်ဦးနှစ်ဖက်ကြား တရားစွဲဆိုရင်ဆိုင်နေခြင်း။

၂၄။ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် -

(က) လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိမှ တီထွင်မှုမူပိုင်ခွင့် ခွင့်ပြု မပြုနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်မချမှတ်မီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံသည့်ကာလအတွင်း၌ဖြစ်စေ လျှောက်ထားချက်၊ ဘာသာပြန်ဆိုချက်နှင့် စာရွက်စာတမ်း တစ်ခုခုတွင် ပါရှိသည့် အဓိကကျသောအချက်များကို ထိခိုက်ခြင်းမရှိသည့် စာအရေးအသား အမှားနှင့် အခြားမှားယွင်းမှုများကို ပြင်ဆင်ပေးရန် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး လျှောက်ထားနိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ရုပ်သိမ်းနိုင်သည်။

၂၅။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်တစ်ရပ်နှင့်စပ်လျဉ်း၍ -

(က) ဤဥပဒေတွင် ဖော်ပြထားသည့် တီထွင်မှုမူပိုင်ခွင့်ပေးနိုင်သည့် အချက်များနှင့်ကိုက်ညီကြောင်း စစ်ဆေးတွေ့ရှိပါက တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခြင်း သို့မဟုတ် မကိုက်ညီကြောင်း စစ်ဆေးတွေ့ရှိပါက ငြင်းပယ်ခြင်းပြုရမည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းကို မှတ်တမ်းတင်ထားပြီး လျှောက်ထားသူထံ အကြောင်းကြားရမည်။ ထို့အပြင် သတ်မှတ်ထားသောနည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဂ) တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခဲ့လျှင် လျှောက်ထားသူအား တီထွင်မှုမူပိုင်ခွင့်လက်မှတ်ကို ထုတ်ပေးရမည်။

၂၆။ တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ လျှောက်ထားချက်အား ရုပ်သိမ်းခြင်းပြုလျှင်သော်လည်းကောင်း၊ တီထွင်မှုမူပိုင်ခွင့်အား ခွင့်ပြုရန် ငြင်းပယ်ခြင်းခံရလျှင်သော်လည်းကောင်း လျှောက်ထားသူသည် ပေးသွင်းထားသည့် မှတ်ပုံတင်ကြေးနှင့် အခြားအခကြေးငွေများကို ပြန်လည်ရထိုက်ခွင့် မရှိစေရ။

၂၇။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ သတ်မှတ်ထားသော အခကြေးငွေ ပေးသွင်းပြီး တီထွင်မှုမူပိုင်ခွင့်လက်မှတ်မိတ္တူ ထပ်မံထုတ်ပေးရန် လျှောက်ထားနိုင်သည်။ မှတ်ပုံတင်အရာရှိသည် ထိုလျှောက်ထားချက်ကို စစ်ဆေး၍ တီထွင်မှုမူပိုင်ခွင့်လက်မှတ်မိတ္တူကို ထုတ်ပေးရမည်။

၂၈။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် တီထွင်မှုမူပိုင်ခွင့်မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော အဓိကကျသည့်အချက်များကို ထိခိုက်ခြင်းမရှိသည့် စာအရေးအသားအမှားနှင့် အခြားသောမှားယွင်းမှု များကို လည်းကောင်း၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကိုလည်းကောင်း ပြင်ဆင်ပေးရန် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။ မှတ်ပုံတင်အရာရှိသည် အဆိုပါ လျှောက်ထားချက်အား စစ်ဆေး၍ ပြင်ဆင်ခွင့်ပေးနိုင်သည်။

## အခန်း (၈)

## တီထွင်မှုမူပိုင်ခွင့်လျှောက်ထားကြောင်း ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းခြင်း

၂၉။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၌ နည်းလမ်းတကျ လျှောက်ထားခဲ့ရာတွင် မှတ်ပုံတင်အရာရှိသည် နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးကိစ္စနှင့် ပြည်သူလူထု၏ ဘေးကင်းလုံခြုံရေးကိစ္စရပ်များကို ထိခိုက်စေသောအချက်အလက်များ ပါဝင်သည်ဟု ထင်မြင်ယူဆခဲ့လျှင် အဆိုပါတီထွင်မှုလျှောက်ထားချက်ပါ အကြောင်းအရာများနှင့် စပ်ဆိုင်သော ဝန်ကြီးဌာန၏ ကင်းရှင်းကြောင်း သဘောထားမှတ်ချက်ရရှိချိန်အထိ အဆိုပါ လျှောက်ထားချက်ကို ထုတ်ပြန်မည့်အချိန်တိုင်အောင် မထုတ်ပြန်ဘဲ လျှို့ဝှက်ထားနိုင်သည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနသည် လျှောက်ထားသူအား သင့်လျော်သောလျော်ကြေးကိုပေး၍ စစ်ဆေးခြင်းပြုလုပ်ရန် သို့မဟုတ် သတင်းအချက်အလက်များအား လျှို့ဝှက်ထိန်းသိမ်းရန် သို့မဟုတ် လျှောက်ထားချက်နှင့်စပ်လျဉ်းသည့် စီးပွားရေးဆိုင်ရာအခွင့်အရေးများကို အစိုးရသို့ လွှဲပြောင်းပေးရန် ဆောင်ရွက်နိုင်သည်။

(ဂ) နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးကိစ္စနှင့် ပြည်သူလူထု၏ ဘေးကင်းလုံခြုံရေးကိစ္စရပ်များကို ထိခိုက်စေသောအချက်အလက်များ ပါဝင်သည်ဟု ထင်မြင်ယူဆသည့် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နေထိုင်သူ မည်သူမဆို အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးတွင် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားပြီး ပုဒ်မခွဲ (က) အရ သဘောထားမှတ်ချက် မရရှိခဲ့လျှင်သော်လည်းကောင်း၊ ရုပ်သိမ်းခြင်းခံရလျှင်သော်လည်းကောင်း မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်မရှိဘဲ အခြားနိုင်ငံတွင် တီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခြင်းမပြုရ။

(ဃ) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ကြောင့် ဖြစ်သည့် အခက်အခဲတစ်စုံတစ်ရာအတွက် သင့်လျော်သည့်လျော်ကြေးရရှိရန်တောင်းဆိုနိုင်သည်။ ၎င်းလျော်ကြေးပမာဏအပေါ် မကျေနပ်ပါက တရားရုံးမှသတ်မှတ်ပေးရန်လျှောက်ထားနိုင်သည်။

(င) မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်အရ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို ဆက်လက်၍ လျှို့ဝှက်ထိန်းသိမ်းထားရှိရန် လိုအပ်ခြင်းမရှိတော့ကြောင်း ပေါ်ပေါက်သည့်အခါ ပုဒ်မခွဲ (က) အရ လျှို့ဝှက်ထားခြင်းကို ရုပ်သိမ်းနိုင်သည်။

၃၀။ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရသော ဝန်ထမ်းများသည် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို ထုတ်ပြန်ကြေညာခြင်းမပြုမီ ခွင့်ပြုချက်မရှိသည့် အခြားသူတစ်ဦးဦးအား သုံးစွဲခွင့်မပြုရ။

## အခန်း (၉)

## ဦးစားပေးအခွင့်အရေးနှင့် ကုန်စည်ပြပွဲဆိုင်ရာဦးစားပေးအခွင့်အရေး

၃၁။ (က) ပဲရစ်ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံတွင် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို လျှောက်ထားခဲ့သူ မည်သူမဆို အဆိုပါတီထွင်မှုမူပိုင်ခွင့်ကို အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးတွင် လျှောက်ထားလာလျှင် ဦးစားပေးအခွင့်အရေး တောင်းဆိုနိုင်သည်။

(ခ) ဦးစားပေးအခွင့်အရေးရရှိရန် အောက်ဖော်ပြပါအချက်များနှင့် ညီညွတ်ရမည် -

(၁) လျှောက်ထားချက်သည် တူညီသော တီထွင်မှုအတွက်သာ ဖြစ်ရမည်။

(၂) ပထမလျှောက်ထားချက် တင်သွင်းသည့်နေ့ရက်မှ ၁၂ လအတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် လျှောက်ထားရမည်။

(၃) လျှောက်ထားသူသည် ပထမလျှောက်လွှာတင်သွင်းခဲ့သည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် အသိအမှတ်ပြုလျှောက်ထားချက် မိတ္တူမှန်အား ၃ လအတွင်း တင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃) တွင် ဖော်ပြထားသည့်ကာလအတွင်း စာရွက်စာတမ်းများ တင်ပြနိုင်ခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိထံ ဦးစားပေးအခွင့်အရေး ပြန်လည်ရရှိရန်အတွက် ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) နှင့်အညီ တောင်းဆိုချက်တစ်ရပ်ကို တင်ပြနိုင်သည်။

၃၂။ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် အောက်ပါအချက်များနှင့် ကိုက်ညီလျှင် အစိုးရက ကြီးမှူးကျင်းပသော သို့မဟုတ် တရားဝင်အသိအမှတ်ပြုသည့် အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲ၌ ခင်းကျင်းပြသခဲ့သော နေ့ရက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့်နေ့ရက်အဖြစ် သတ်မှတ်ပြီး ကုန်စည်ပြပွဲဆိုင်ရာဦးစားပေးအခွင့်အရေးကို တောင်းဆိုနိုင်သည် -

(က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်တွင် ပါရှိသည့် တီထွင်မှုတစ်ရပ်ကို ပဲရစ်ကွန်ဗင်းရှင်းအဖွဲ့ဝင် သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံတစ်ခုခု၏ နယ်နိမိတ်အတွင်း သက်ဆိုင်ရာနိုင်ငံ၏ အစိုးရက ကြီးမှူးကျင်းပသော သို့မဟုတ် တရားဝင်အသိအမှတ်ပြုသော အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲတစ်ခုတွင် ခင်းကျင်းပြသခဲ့ခြင်း၊

(ခ) ထိုပြပွဲတွင် သက်ဆိုင်ရာကုန်ပစ္စည်းကို စတင်ခင်းကျင်းပြသသည့်နေ့ရက်မှ ၁၂ လအတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ တီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခြင်း။

၃၃။ ကုန်စည်ပြပွဲဆိုင်ရာဦးစားပေးအခွင့်အရေးသည် ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) တွင် ဖော်ပြထားသော ဦးစားပေးအခွင့်အရေးကာလနှင့် ဆက်စပ်ခြင်းမရှိစေရ။

## အခန်း (၁၀)
## တီထွင်မှုမူပိုင်ခွင့်သက်တမ်းနှင့် အခကြေးငွေများ

၃၄။ တီထွင်မှုမူပိုင်ခွင့်သက်တမ်းသည် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက် တင်သွင်းသည့်နေ့ရက်မှ ၂၀ နှစ် ဖြစ်သည်။

၃၅။ (က) တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို ထိန်းသိမ်းရန်အလို့ငှာ ကာလအပိုင်းအခြားအလိုက် သတ်မှတ်ထားသော နှစ်စဉ်ကြေးကို မှတ်ပုံတင်အရာရှိထံ ကြိုတင်ပေးသွင်းရမည်။ နှစ်စဉ်ကြေးပေးသွင်းမှုနောက်ကျခြင်းအတွက် သတ်မှတ်ထားသော အပိုကြေးပေးဆောင်ရာတွင် အထူးခွင့်ပြုကာလကို ၆ လအထိ ခွင့်ပြုပေးရမည်။ ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်နှင့်အညီ နှစ်စဉ်ကြေးပေးသွင်းခြင်းမရှိလျှင် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို ရုပ်သိမ်းသည်ဟု မှတ်ယူရမည် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ပျက်ပြယ်မည်ဖြစ်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော နောက်ဆုံးရက်သတ်မှတ်ချက် ကျော်လွန်သွားသော ကိစ္စရပ်တွင် လျှောက်ထားသူ သို့မဟုတ် အမည်ခံသူသည် ပုဒ်မ ၂၃ ပါအချက်များနှင့် ကိုက်ညီပါက အခွင့်အရေးများ ပြန်လည်ပေးအပ်ရန် တောင်းဆိုနိုင်သည်။

၃၆။ တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ -

(က) မှတ်ပုံတင်အရာရှိသည် အခကြေးငွေများ ပေးသွင်းမှုမရှိခြင်းမှာ ခိုင်လုံပြီး အခြားသူများ၏ အခွင့်အရေးများကို အကြောင်းမဲ့ထိခိုက်ခြင်းမရှိဟု ယူဆလျှင် ငွေပေးသွင်းရမည့်ကာလ ကျော်လွန်ပြီးနောက် တစ်နှစ်မကုန်ဆုံးမီအချိန်အတွင်း ပျက်ပြယ်သွားသော တီထွင်မှုမူပိုင်ခွင့်ကို ထိန်းသိမ်းထားနိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိသည် အဆိုပါပျက်ပြယ်သော တီထွင်မှုမူပိုင်ခွင့်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

## အခန်း (၁၁)
## တီထွင်မှုမူပိုင်ခွင့်အခွင့်အရေး

၃၇။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် တီထွင်မှုမူပိုင်ခွင့်အခွင့်အရေးများကို ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ သီးသန့်အခွင့်အရေးများအဖြစ် ခံစားခွင့်ရှိစေရမည်။

၃၈။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် သီးသန့်အခွင့်အရေးအဖြစ် -

(က) ထုတ်ကုန်တစ်ရပ်နှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့်ရရှိခြင်းဖြစ်လျှင် မိမိ၏သဘောတူညီချက်မရှိဘဲ အခြားသူများက ယင်းထုတ်ကုန်ကို စီးပွားရေးအလို့ငှာ ပြုလုပ်ခြင်း၊ အသုံးပြုခြင်း၊ ရောင်းချရန် ကမ်းလှမ်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်းတို့ကို ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်ရှိသည်။

(ခ) ထုတ်လုပ်မှုနည်းစဉ်တစ်ရပ်နှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့်ရရှိခြင်းဖြစ်လျှင် မိမိ၏သဘောတူညီချက်မရှိဘဲ အခြားသူများက ယင်းထုတ်လုပ်မှုနည်းစဉ်အား စီးပွားရေးအလို့ငှာ အသုံးပြုလျှင်ဖြစ်စေ၊ ယင်းထုတ်လုပ်မှုနည်းစဉ်အား တိုက်ရိုက်အသုံးပြုပြီး ထုတ်လုပ်သောထုတ်ကုန်တစ်ခုကို ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့် အပြုအမူများကို ဆောင်ရွက်လျှင်ဖြစ်စေ ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်ရှိသည်။

၃၉။ တီထွင်မှုမူပိုင်ခွင့်အခွင့်အရေးသည် အောက်ပါတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ -

(က) တီထွင်မှုမူပိုင်ခွင့်ရရှိထားသော တီထွင်မှုကို စီးပွားရေးအတွက်မဟုတ်ဘဲ အသုံးပြုခြင်း သို့မဟုတ် ပုဂ္ဂလိကတစ်ဦးချင်းအတွက် အသုံးပြုခြင်း၊

(ခ) စမ်းသပ်လေ့လာရန် သို့မဟုတ် သုတေသနပြုရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းတွင် စီးပွားရေးလုပ်ဆောင်နိုင်ရန်အတွက် ရည်ရွယ်၍ ဆောင်ရွက်ခြင်းများလည်း ပါဝင်သည်၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နယ်နိမိတ်အတွင်း ယာယီအားဖြင့်ဖြစ်စေ၊ မမျှော်လင့်သော ဖြစ်ရပ်ကြောင့် မတော်တဆဖြစ်စေ ဝင်ရောက်လာသော အခြားနိုင်ငံများမှ လေယာဉ်၊ ကုန်းလမ်းသွားယာဉ်များ သို့မဟုတ် ရေယာဉ်များပေါ်ရှိ တီထွင်မှုမူပိုင်ခွင့်နှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာတန်ဆာပလာများအား အသုံးပြုခြင်း၊

(ဃ) တီထွင်မှုမူပိုင်ခွင့်ရရှိထားသော တီထွင်မှုကို လျှောက်ထားသည့်နေ့ရက်မတိုင်မီ သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုသည့်နေ့ရက်မတိုင်မီ တစ်စုံတစ်ဦးမှ သဘောရိုးဖြင့် အသုံးပြုခြင်း သို့မဟုတ် ထိုသို့အသုံးပြုရန် ထိရောက်သော ပြင်ဆင်ဆောင်ရွက်မှုကို ပြုလုပ်ခြင်း၊

(င) ရောင်းချခြင်း၊ ရောင်းချရန်ကမ်းလှမ်းခြင်း သို့မဟုတ် တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ဈေးကွက်တွင် ရောက်ရှိနေသော တီထွင်မှုမူပိုင်ခွင့်ရရှိထားသည့် ပစ္စည်းများအပေါ် ပြုမူဆောင်ရွက်ခြင်း၊

(စ) မြန်မာနိုင်ငံ သို့မဟုတ် အခြားနိုင်ငံတစ်ခုခု၏ ဥပဒေတစ်ရပ်အရ စည်းကမ်းသတ်မှတ်ထားသော ထုတ်ကုန်တစ်ခုကို ထုတ်လုပ်ခြင်း၊ တည်ဆောက်ခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း သို့မဟုတ် တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သော သတင်းအချက်အလက်များ တိုးပွားစေရန်နှင့် တင်ပြနိုင်ရန်တို့အတွက် တီထွင်မှုမူပိုင်ခွင့်ရရှိထားသော တီထွင်မှုကို သင့်တင့်မျှတစွာ အသုံးပြုဆောင်ရွက်ခြင်း၊

(ဆ) မှတ်ပုံတင်ထားသော ဆေးဘက် သို့မဟုတ် သွားဘက်ဆိုင်ရာ ကုသရေးလုပ်ငန်း လုပ်ကိုင်နေသူ တစ်ဦးမှပေးသော ဆေးစာအညွှန်းအရ တစ်ဦးတစ်ယောက်အတွက် ဆေးဆိုင်တွင်ဆေးဝါးဖော်စပ်ပေးခြင်းများ ပြုလုပ်ခြင်း။

၄၀။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် -

(က) အခြားပုဂ္ဂိုလ်တစ်ဦးဦးအား အခန်း (၁၂) နှင့် အခန်း (၁၃) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိ၏တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးကို လွှဲပြောင်းခြင်း သို့မဟုတ် လိုင်စင်ပေးခြင်းပြုနိုင်သည်။

(ခ) မိမိ၏ တီထွင်မှုမူပိုင်ခွင့်အခွင့်အရေးကို ထိပါးချိုးဖောက်သူအား တရားမကြောင်းဖြင့် တရားစွဲဆိုခွင့်ရှိသည်။

၄၁။ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသူများက တီထွင်မှုမူပိုင်ခွင့်ကို ပူးတွဲရရှိပြီး ၎င်းတို့အချင်းချင်းလည်း တစ်နည်းနည်းဖြင့် သဘောတူညီထားခြင်းမရှိလျှင် -

(က) ပူးတွဲတီထွင်မှုမူပိုင်ခွင့်ရရှိသူတစ်ဦးချင်းစီသည် အညီအမျှဖြစ်သော မခွဲဝေရသေးသည့် တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးဝေစုကို ခံစားခွင့်ရှိစေရမည်။

(ခ) ပူးတွဲတီထွင်မှုမူပိုင်ခွင့်ရရှိသူ တစ်ဦးချင်းစီသည် ၎င်း၏အညီအမျှဖြစ်သော မခွဲဝေရသေးသည့် တီထွင်မှုမူပိုင်ခွင့်အခွင့်အရေးဝေစုကို အခြားပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲပြောင်းခြင်း သို့မဟုတ် လိုင်စင်ပေးခြင်းပြုနိုင်သည်။

(ဂ) ပူးတွဲတီထွင်မှုမူပိုင်ခွင့်ရရှိသူ တစ်ဦးချင်းစီသည် တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးများကို ထိပါးချိုးဖောက်သူအား အခြားတီထွင်မှုမူပိုင်ခွင့် ပူးတွဲရရှိသူများ၏ သဘောတူညီချက်ရယူရန်မလိုဘဲ ပုဒ်မ ၄၀၊ ပုဒ်မခွဲ (ခ) ပါအတိုင်း တရားစွဲဆိုခွင့်ရှိသည်။

(ဃ) ပူးတွဲတီထွင်မှုမူပိုင်ခွင့်ရရှိသူ တစ်ဦးချင်းစီ၏ တရားဝင်အမွေဆက်ခံသူသည် ပုဒ်မခွဲ (က)၊ (ခ)နှင့် (ဂ) တို့တွင် ဖော်ပြထားသော အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

၄၂။ (က) တီထွင်မှုပြုလုပ်သည့် အလုပ်သမားကရရှိမည့် ချီးမြှင့်ငွေနှင့်စပ်လျဉ်း၍ အလုပ်သမားသည် မြန်မာနိုင်ငံတွင် ပြုလုပ်သောအလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်တစ်ရပ်အရ တီထွင်မှုတစ်ခုကို ပြုလုပ်ခြင်းဖြစ်လျှင် ထိုတီထွင်မှုအတွက် ထိုက်သင့်မျှတသည့် ချီးမြှင့်ငွေကို အလုပ်ရှင်ထံမှ ရပိုင်ခွင့်ရှိသည်။

(ခ) သက်ဆိုင်ရာအလုပ်သမားသည် တီထွင်မှုမူပိုင်ခွင့် ရရှိသူဖြစ်သည့် အလုပ်ရှင်ထံမှ ပုဒ်မခွဲ (က) အရ ချီးမြှင့်ငွေကို ရရှိခြင်းမရှိလျှင်သော်လည်းကောင်း၊ ချီးမြှင့်ငွေရရှိသော်လည်း ချီးမြှင့်ငွေပမာဏကို မကျေနပ်လျှင်သော်လည်းကောင်း နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ပေးရန် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြနိုင်သည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (ခ) အရ တင်ပြခြင်းနှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့်ရရှိသူဖြစ်သည့် အလုပ်ရှင်က သက်ဆိုင်ရာအလုပ်သမားအား ပေးရမည့် ချီးမြှင့်ငွေကို အောက်ပါအချက်များအား အခြေခံပြီး သတ်မှတ်ပေးရမည် -

(၁) အလုပ်သမား၏လုပ်ခ၊

(၂) တီထွင်မှု၏ အရေးပါမှု၊

(၃) တီထွင်မှုပြုလုပ်ခြင်းမှ ရရှိခဲ့သော အကျိုးအမြတ်နှင့် ရရှိနိုင်မည့် အကျိုးအမြတ်များ။

(ဃ) ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ပေးသည့် ချီးမြှင့်ငွေကို ကျေနပ်မှုမရှိသူသည် တရားရုံးသို့ အယူခံနိုင်သည်။

## အခန်း (၁၂)

## တီထွင်မှု မူပိုင်ခွင့် အခွင့်အရေးကို လွှဲပြောင်းခြင်း

၄၃။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင် အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဖြစ်စေ ၎င်း၏ အခွင့်အရေးများကို သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းခြင်း ပြုနိုင်သည်။

၄၄။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်အသစ်နှင့် မူလတီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်တို့မှ သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး တီထွင်မှုမူပိုင်ခွင့် ပိုင်ဆိုင်မှုပြောင်းလဲခြင်းကို မှတ်တမ်းတင်ထားရှိပြီး ထုတ်ပြန်ကြေညာရမည်။

၄၅။ တီထွင်မှုမူပိုင်ခွင့်ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ရန် တောင်းဆိုချက်သည် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရမည်။

၄၆။ တီထွင်မှုမူပိုင်ခွင့်ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံးသို့ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းပိုင်ဆိုင်မှုလွှဲပြောင်းခြင်းသည် အကျိုးသက်ရောက်မှုမရှိစေရ။

၄၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ မျိုးရိုးဗီဇ၊ ဇီဝအရင်းအမြစ် သို့မဟုတ် ရိုးရာအသိပညာမှ တိုက်ရိုက်ဆင်းသက်လာသော တီထွင်မှုတစ်ခုနှင့်စပ်လျဉ်း၍ တာဝန်ခံဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်နှင့်ကိုက်ညီမှုမရှိသော တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်တစ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ အဆိုပါ ပြဋ္ဌာန်းချက်နှင့်ကိုက်ညီမှုမရှိဘဲ တီထွင်မှုမူပိုင်ခွင့်ကို မှားယွင်းစွာ ခွင့်ပြုထားခဲ့ကြောင်း တွေ့ရှိလျှင်ဖြစ်စေ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်း၏ အကျိုးအမြတ်ကို သက်ဆိုင်ရာအဖွဲ့အစည်းသို့လွှဲပြောင်းပေးရန် ညွှန်ကြားခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ လုပ်ငန်း၏ အကျိုးအမြတ်ကို လွှဲပြောင်းရယူရန်အတွက် ညွှန်ကြားရေးမှူးချုပ်၊ အစိုးရဌာန သို့မဟုတ် တာဝန်ခံဝန်ကြီးဌာနမှ သတ်မှတ်ထားသော အဖွဲ့အစည်းတို့အား အကြောင်းကြားရမည်။

(ဂ) ပုဒ်မခွဲ (က) အရ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်း၏အကျိုးအမြတ်များကို လွှဲပြောင်းရယူပြီးနောက် တီထွင်မှုမူပိုင်ခွင့်သည် အများပြည်သူနှင့် အလွန်အမင်းသက်ဆိုင်လာလျှင်သော်လည်းကောင်း၊ ကိုယ်ကျင့်သိက္ခာနှင့်အေးချမ်းတည်ငြိမ်မှုဆိုင်ရာကိစ္စရပ်များ ဖြစ်ပေါ်ခဲ့လျှင်သော်လည်းကောင်း တီထွင်မှုမူပိုင်ခွင့်လျှောက်ထားခြင်းကို ရုပ်သိမ်းရမည် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ကို စွန့်လွှတ်စေရမည်။

## အခန်း (၁၃)
## တီထွင်မှု မူပိုင်ခွင့်ကို လိုင်စင်ပေးခြင်း

၄၈။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ ဥပဒေအရဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဖြစ်စေ တီထွင်မှုမူပိုင်ခွင့်ကို အသုံးပြုရန် စည်းကမ်းချက်များ သတ်မှတ်၍ လိုင်စင်ပေးနိုင်သည်။

၄၉။ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်နှင့် လိုင်စင်ရရှိသူတို့သည် လိုင်စင်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး ခွင့်ပြုချက်မိတ္တူနှင့်အတူ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံးသို့ လျှောက်ထားရမည်။

၅၀။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၄၉ အရ မှတ်တမ်းတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ တီထွင်မှု မူပိုင်ခွင့် အခွင့်အရေးများကို အလွဲသုံးစားပြုခြင်းနှင့် ယှဉ်ပြိုင်မှုကို ဆန့်ကျင်ခြင်းမရှိကြောင်း၊ နိုင်ငံတော်၏ အကျိုးစီးပွားကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်နိုင်ခြင်းမရှိကြောင်း၊ ယေဘုယျအားဖြင့် နည်းပညာကျွမ်းကျင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား သို့မဟုတ် အနှောင့်အယှက်ဖြစ်နိုင်ခြင်းမရှိကြောင်း သို့မဟုတ် အဆိုပါ အကျိုးသက်ရောက်မှုတစ်ခုခုကို ဖြစ်စေသည့် အချက်တစ်ရပ်ရပ်ပါရှိခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိပါက ထိုလိုင်စင်ပေးခြင်းကို မှတ်တမ်းတင်ပြီး သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၅၁။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်နှင့် လိုင်စင်ရရှိသူတို့မှ လိုင်စင်အား မှတ်တမ်းတင်ထားခြင်းကို ပယ်ဖျက်ရန် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တောင်းဆိုလာပါက ပယ်ဖျက်ပေးရမည်။

၅၂။ လိုင်စင်ပေးခြင်းနှင့်စပ်လျဉ်း၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ မှတ်တမ်းတင်ပေးရန်လျှောက်ထားခြင်း မရှိလျှင် ယင်းလိုင်စင်သည် အကျိုးသက်ရောက်မှုမရှိစေရ။

## အခန်း (၁၄)

## မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်ထုတ်ပေးခြင်း

၅၃။ ပုဂ္ဂိုလ်တစ်ဦးဦးသို့မဟုတ် တရားဝင်အဖွဲ့အစည်းတစ်ရပ်ရပ်က တာဝန်ခံဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးထံလိပ်မူ၍ အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်တွင် မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်ကို လျှောက်ထားလာပါက တာဝန်ခံဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးသည် စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုနိုင်သည် -

(က) နိုင်ငံတော်၏ ကာကွယ်ရေး၊ လုံခြုံရေး၊ စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ အများပြည်သူ အကျိုးအတွက် ဆောင်ရွက်ရန် လိုအပ်ခြင်း၊ အများပြည်သူ၏ အစာအာဟာရ၊ ကျန်းမာရေး၊ အမျိုးသားအကျိုးစီးပွား၏ အခြားသောအရေးပါသည့် အခန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အလွန်အမင်းလိုအပ်လျက်ရှိခြင်း၊

( ခ ) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ၎င်း၏လိုင်စင်ရရှိသူမှ အသုံးပြုသည့်နည်းလမ်းသည် ယှဉ်ပြိုင်မှုကို ဆန့်ကျင်သည်ဟု တရားစီရင်ရေး သို့မဟုတ် အုပ်ချုပ်ရေးအဖွဲ့အစည်းမှဆုံးဖြတ်ပြီး၊ တာဝန်ခံဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးအနေဖြင့် ဤပုဒ်မခွဲနှင့်အညီ တီထွင်မှုအားအသုံးပြုခြင်းသည် အဆိုပါ ယှဉ်ပြိုင်မှုကို ဆန့်ကျင်သည့်လုပ်ရပ်အား ကုစားနိုင်မည်ဟု ကျေနပ်လက်ခံခြင်း၊

( ဂ ) တီထွင်မှုမူပိုင်ခွင့် ပိုင်ရှင်သည် ၎င်း၏သီးသန့်အခွင့်အရေးများကို အလွဲသုံးစားပြုခြင်း သို့မဟုတ် လိုင်စင်ရသူက လိုင်စင်ဆိုင်ရာ သီးသန့်အခွင့်အရေးများကို အလွဲသုံးစားပြုခြင်းအား ဟန့်တားမှု မရှိဘဲ လျစ်လျူရှုထားခြင်း၊

(ဃ) တီထွင်မှုသည် မြန်မာနိုင်ငံတွင်ထုတ်လုပ်ခြင်းမှသော်လည်းကောင်း၊ တင်သွင်းခြင်းမှသော်လည်းကောင်း လုံလောက်သည့်အရေအတွက် သို့မဟုတ် အရည်အသွေး သို့မဟုတ် သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့် မြန်မာနိုင်ငံတွင် မရရှိနိုင်ခြင်း၊

( င ) စီးပွားဖြစ်စေနိုင်၍ အရေးပါသော နည်းပညာအဆင့်မြင့်မှုတစ်ရပ်ပါရှိသော တီထွင်မှုအတွက် တောင်းဆိုထားသည့် ဒုတိယတီထွင်မှုမူပိုင်ခွင့်သည် ပထမတီထွင်မှုမူပိုင်ခွင့်တွင် တောင်းဆိုထားသည့် တီထွင်မှုနှင့်ဆက်စပ်နေပြီး ဒုတိယတီထွင်မှုမူပိုင်ခွင့်သည် ပထမတီထွင်မှုမူပိုင်ခွင့်အား အသုံးမပြုဘဲ မဆောင်ရွက်နိုင်ခြင်း။

၅၄။ (က) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်၏ တောင်းဆိုချက်အရ တာဝန်ခံဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးသည် နှစ်ဖက်လုံးမှဖြစ်စေ၊ တစ်ဖက်တည်းမှဖြစ်စေ ကြားနာရန်ဆန္ဒရှိပါက ကြားနာစစ်ဆေးပြီးနောက်၊ မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်ထုတ်ပေးရန် ဆုံးဖြတ်ခဲ့ရသော အခြေအနေများသည် ရပ်စဲသွားလျှင် သို့မဟုတ် ထပ်မံဖြစ်ပွားဟန် မရှိတော့လျှင်သော်လည်းကောင်း၊ အသုံးပြုခွင့်ပေးထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ကြောင်း ပေါ်ပေါက်ခဲ့လျှင်သော်လည်းကောင်း မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်ကို ရပ်စဲရမည်။

( ခ ) ပုဒ်မခွဲ (က) တွင် မည်သို့ပင်ဖော်ပြစေကာမူ တာဝန်ခံဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးသည် အသုံးပြုခွင့်ပေးထားသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ တရားဝင် အကျိုးစီးပွားအား လုံလောက်သောအကာအကွယ်ပေးရန် လိုအပ်ချက်သည် ထိုလိုင်စင်ကို ဆက်လက်အသုံးပြုခွင့်ပေးရန် ဆုံးဖြတ်ချက်နှင့် ညီညွတ်မျှတသည်ဟု ယူဆလျှင်သော်လည်းကောင်း၊ ပုဒ်မ ၅၃၊ ပုဒ်မခွဲ (ခ) အရ ယှဉ်ပြိုင်မှုကို ဆန့်ကျင်သောလုပ်ရပ်အား ကုစားနိုင်ရန် ထုတ်ပေးထားသော

လိုင်စင်ဖြစ်ခဲ့လျှင်သော်လည်းကောင်း၊ မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်ထုတ်ပေးရန် အခြေအနေများ ထပ်မံဖြစ်ပွားဟန်ရှိလျှင်သော်လည်းကောင်း အဆိုပါ လိုင်စင်ကို ရုပ်သိမ်းခြင်း မပြုရ။

၅၅။ မဖြစ်မနေထုတ်ပေးရမည့်လိုင်စင်သည် သီးသန့်အခွင့်အရေး မရရှိနိုင်သော လိုင်စင်ဖြစ်သဖြင့် အောက်ပါအချက်များတွင် အသုံးပြုခွင့်မရှိစေရ -

(က) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်ကိုယ်တိုင် မြန်မာနိုင်ငံတွင် ထုတ်လုပ်ရာတွင်ဖြစ်စေ၊ တင်သွင်းရာတွင် ဖြစ်စေ၊ နှစ်ရပ်စလုံးတွင်ဖြစ်စေ ၎င်း၏တီထွင်မှုကို အသုံးပြုခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့် ပိုင်ရှင်မှ လိုင်စင်သဘောတူစာချုပ်များအား ချုပ်ဆိုခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် ပုဒ်မ ၃၈ နှင့် ၄၀ တွင်ပါရှိသော ၎င်း၏ အခွင့်အရေးများအား ဆက်လက်ကျင့်သုံးခြင်း။

၅၆။ တာဝန်ခံဝန်ကြီးဌာနသည် ပုဒ်မ ၅၃ အရ မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်ထုတ်ပေးသည့်အခါ-

(က) ထိုသို့ မဖြစ်မနေထုတ်ပေးရမည့်လိုင်စင်ထုတ်ပေးကြောင်း သက်ဆိုင်ရာတီထွင်မှုမူပိုင်ခွင့်ရရှိသူအား ဖြစ်နိုင်သရွေ့ ဆောလျင်စွာ အကြောင်းကြားရမည်။

(ခ) လိုင်စင်ရရှိသူက တီထွင်မှုမူပိုင်ခွင့်ရရှိသော တီထွင်မှုကို စတင်အသုံးပြုရမည့်နေ့ရက်နှင့် လိုင်စင် သက်တမ်းအစရှိသည့် လိုင်စင်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို ဖော်ပြပေးရမည်။

(ဂ) လိုင်စင်ရရှိသူက တီထွင်မှုမူပိုင်ခွင့် ရရှိသူအား ပေးအပ်ရမည့် နစ်နာကြေးကို ထည့်သွင်းဖော်ပြ ပေးရမည်။

၅၇။ (က) တူညီသောဆေးဝါးထုတ်ကုန်ကို ပြုလုပ်ရန် အခြားနည်းစဉ်တစ်ခုကို မသိရှိနိုင်သော သို့မဟုတ် မရရှိနိုင်သောအခြေအနေတွင် ဆေးဝါးထုတ်ကုန်တစ်ခု သို့မဟုတ် ဆေးဝါးထုတ်ကုန်ကို ထုတ်လုပ်သည့် ထုတ်လုပ်မှုနည်းစဉ်တစ်ခုအတွက် တောင်းဆိုထားသော တီထွင်မှုမူပိုင်ခွင့် တစ်ခုအား မဖြစ်မနေထုတ်ပေးရမည့်လိုင်စင်ကို ခွင့်ပြုနိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသည့် နေ့ရက်မှ ၄ နှစ် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုသည့် နေ့ရက်မှ ၃ နှစ်မတိုင်မီ ကာလများအနက် ပို၍နောက်ကျသည့် ကာလအတွင်း ပုဒ်မ ၅၃၊ ပုဒ်မခွဲ (ဃ) တွင် ဖော်ပြထားသကဲ့သို့ တီထွင်မှုမူပိုင်ခွင့်ရရှိထားသော ထုတ်ကုန် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ရရှိထားသော ထုတ်လုပ်မှုနည်းစဉ်မှ ထုတ်လုပ်သည့် ထုတ်ကုန်ကို လုံလောက်စွာ မထုတ်လုပ်နိုင်လျှင် မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်တစ်ရပ်ကိုလျှောက်ထားခြင်းမပြုနိုင်။ ထို့အပြင် တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် ၎င်း၏မလုပ်ဆောင်နိုင်မှု သို့မဟုတ် လုံလောက်အောင် မဆောင်ရွက်နိုင်မှုအပေါ်တွင် ခိုင်လုံသောအကြောင်းပြချက်ဖြင့် ခုခံချေပနိုင်ပါက အဆိုပါ လျှောက်ထားချက်ကို ငြင်းဆိုရမည်။

(ဂ) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ကို အသုံးချခွင့်ရှိသော အစိုးရဌာနသို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ တောင်းဆိုချက်အပေါ်တွင် တာဝန်ခံဝန်ကြီးဌာန၏ ပြည်ထောင်စု ဝန်ကြီးသည် နှစ်ဖက်စလုံးမှဖြစ်စေ၊ တစ်ဖက်တည်းကဖြစ်စေ ကြားနာရန်ဆန္ဒရှိပါက ကြားနာစစ်ဆေးပြီး ပြောင်းလဲသွားသော အခြေအနေနှင့် လိုက်လျောညီထွေဖြစ်သည်အထိ တီထွင်မှုအား တရားဝင် အသုံးချခွင့်ပြုသည့် ဆုံးဖြတ်ချက်ပါ စည်းကမ်းချက်များကို ပြင်ဆင် သတ်မှတ်နိုင်သည်။

(ဃ) မဖြစ်မနေထုတ်ပေးရမည့်လိုင်စင်ကို လိုင်စင်ရပုဂ္ဂိုလ်၏ စီးပွားရေးလုပ်ငန်း သို့မဟုတ် တီထွင်မှု မူပိုင်ခွင့်ရရှိထားသော တီထွင်မှုအား အသုံးပြုနေသည့် စီးပွားရေးလုပ်ငန်း အခွဲများကိုသာ လွှဲပြောင်းပေးအပ်နိုင်သည်။

၅၈။ (က) ပုဒ်မ ၅၃၊ ပုဒ်မခွဲ (ဃ) အရ မဖြစ်မနေထုတ်ပေးရမည့်လိုင်စင်လျှောက်ထားရာတွင် တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်လျှောက်ထားသူထံမှ တောင်းဆိုချက်ကို လက်ခံရရှိကြောင်း၊ သို့သော် အဆိုပါလျှောက်ထားသည့် ပုဂ္ဂိုလ်သည် သင့်လျော်သောအချိန်အတွင်း သင့်လျော်သောကူးသန်းရောင်းဝယ်ရေးဆိုင်ရာ စည်းကမ်းချက်များပါရှိသည့် လိုင်စင်တစ်ခုရရှိနိုင်ခဲ့ခြင်းမရှိကြောင်း သက်သေခံအထောက်အထားကို ပူးတွဲတင်ပြရမည်။

(ခ) နိုင်ငံတော်အတွက် အရေးတကြီးလိုအပ်သောကိစ္စရပ်များ သို့မဟုတ် အလွန်အမင်း ဆောလျင်စွာ ဆောင်ရွက်ရန် လိုအပ်သည့် အခြားသော အခြေအနေများ သို့မဟုတ် စီးပွားရေး အကျိုးအမြတ်အတွက်မဟုတ်ဘဲ အများပြည်သူအတွက် အသုံးပြုသည့် ကိစ္စရပ်များ သို့မဟုတ် တရားစီရင်ရေး သို့မဟုတ် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ ဆုံးဖြတ်ထားသော ယှဉ်ပြိုင်မှုကို ဆန့်ကျင်သော လုပ်ငန်းများအားကုစားရန် လိုင်စင်ပေးအပ်သည့်အခါများတွင် ပုဒ်မခွဲ (က)တွင် ဖော်ပြထားသော ယခင်ကြိုးပမ်းမှုနှင့် ပတ်သက်သည့် သက်သေခံအထောက်အထားများ ပူးတွဲတင်ပြရန်မလို။

၅၉။ တာဝန်ခံဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးက လိုင်စင်ထုတ်ပေးထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမှ တီထွင်မှုကို အသုံးပြုခြင်းသည် ပုဒ်မ ၅၃၊ ပုဒ်မခွဲ (ခ) အရ ယှဉ်ပြိုင်မှုကို ဆန့်ကျင်သည့် လုပ်ရပ်အား ကုစားရန် ခွင့်ပြုပေးထားသောအခါ သို့မဟုတ် မဖြစ်မနေထုတ်ပေးရမည့်လိုင်စင်သည် ဆေးဝါးထုတ်ကုန်တစ်ခု သို့မဟုတ် ဆေးဝါးထုတ်ကုန်များကို ထုတ်လုပ်သော ထုတ်လုပ်မှုနည်းစဉ်တစ်ခုကို တောင်းဆိုထားသည့် တီထွင်မှုမူပိုင်ခွင့်တစ်ခုနှင့်သက်ဆိုင်နေပြီး လိုင်စင်ထုတ်ပေးရသည့် ရည်ရွယ်ချက်သည် ထုတ်လုပ်မှုစွမ်းရည်မရှိသော သို့မဟုတ် ထုတ်လုပ်ရန်စွမ်းရည်မပြည့်မီသော နိုင်ငံ သို့မဟုတ် နိုင်ငံခြား တိုင်းပြည်၏ နယ်နိမိတ်အတွင်းသို့ အဆိုပါ ထုတ်ကုန်များကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အထွေထွေကောင်စီ၏ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့ ရက်စွဲပါ ဆုံးဖြတ်ချက်မှ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ တင်ပို့ရန် ဖြစ်သည့်အခါတို့မှတစ်ပါး အဓိကအားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ဖြစ်ရမည်။

၆၀။ ပုဒ်မ ၅၃၊ ပုဒ်မခွဲ (င) အရ မဖြစ်မနေထုတ်ပေးရမည့်လိုင်စင် ခွင့်ပြုသည့်အခါ -

(က) ပထမတီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် ဒုတိယတီထွင်မှုမူပိုင်ခွင့်တွင် တောင်းဆိုထားသော တီထွင်မှုများကို သင့်လျော်သော စည်းကမ်းသတ်မှတ်ချက်များဖြင့် အပြန်အလှန် အသုံးပြုခွင့်လိုင်စင်ရရှိစေရမည်။

(ခ) ဒုတိယတီထွင်မှုမူပိုင်ခွင့်နှင့်အတူ ပထမတီထွင်မှုမူပိုင်ခွင့်ကို လွှဲအပ်လုပ်ကိုင်ခွင့်ပေးခြင်းမှအပ ပထမတီထွင်မှုမူပိုင်ခွင့်၏ လိုင်စင်ကို လွှဲအပ်လုပ်ကိုင်ခွင့် မရှိစေရ။

၆၁။ မဖြစ်မနေထုတ်ပေးရမည့် လိုင်စင်ခွင့်ပြုပေးရန်တောင်းဆိုချက် သို့မဟုတ် နစ်နာကြေးဆိုင်ရာဆုံးဖြတ်ချက်အပါအဝင် မဖြစ်မနေထုတ်ပေးရမည့်လိုင်စင်ခွင့်ပြုချက်နှင့် စပ်လျဉ်း၍ တာဝန်ခံဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး၏ ဆုံးဖြတ်ချက်အား မကျေနပ်သူသည် တရားရုံးသို့ အယူခံနိုင်သည်။

## အခန်း (၁၅)
## တီထွင်မှု မူပိုင်ခွင့်ကို ပြန်လည်အပ်နှံခြင်းနှင့် ရုပ်သိမ်းခြင်း

၆၂။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် -

(က) တီထွင်မှုမူပိုင်ခွင့်ကို မိမိ၏ဆန္ဒအလျောက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးတွင် ပြန်လည်အပ်နှံနိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ကို နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသူများက ပူးတွဲရရှိထားပြီး ၎င်းတို့ အချင်းချင်း အခြားနည်းဖြင့် သဘောတူညီချက်တစ်စုံတစ်ရာမရှိလျှင် ပူးတွဲတီထွင်မှုမူပိုင်ခွင့်ရရှိသူအားလုံး၏ သဘောတူညီချက်ဖြင့် တီထွင်မှုမူပိုင်ခွင့်ကို အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးတွင်ပြန်လည်အပ်နှံနိုင်သည်။

[ ဆက်လက်ဖော်ပြပါမည်။ ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## ကြေညာချက်အမှတ် (၂/၂၀၁၅)

